မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၅)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

(၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားများ စည်းလုံးညီညွတ်ချိန်တွင် နိုင်ငံထည်ဝါခဲ့ညား

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ဒို့တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုရှိတဲ့ကာလတွေမှာ ဒို့နိုင်ငံတော်ကြီးဟာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော် ရယ်လို့ ထည်ဝါခဲ့ညားခဲ့တာကို တွေ့ရမယ်။ ဒါကြောင့် နယ်ချဲ့တွေဟာ သူတို့အုပ်ချုပ်ခဲ့တဲ့ခေတ်ကာလမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေဖို့ သပ်လျှိုသွေးခွဲခဲ့ကြတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော် (၂၀၀၉ ခုနှစ် မတ် ၂၄ ရက်)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး လက်တွဲပါဝင် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ ကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားများ နှစ်ပရိစ္ဆေဒရှည်စွာ ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။

မြန်မာတိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားပြီး မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်တို့ကို သားစဉ်မြေးဆက် မြတ်နိုးခင်မင်စွာ ထိန်းသိမ်းရင်း အချုပ်အခြာအာဏာပိုင်စိုးမှုကို ကာကွယ်စောင့်ရှောက်ခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပြည်သူများတည်ဆောက်ခဲ့သော မျိုးချစ်တပ်မတော်သည် စတင်သန္ဓေတည်လာခဲ့ရပြီး အခက်အခဲများ ရင်ဆိုင်ကျော်လွှား၍ ပေါက်ဖွားလာခဲ့ရသည်။

လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်း၌လည်း တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ရပေသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် တိုင်းရင်းသားများ၏ ပြောင်မြောက်သည့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ၌ ထင်ရှားခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးကို တိုင်းရင်းသားများနှင့်အတူ ရယူခဲ့သော တပ်မတော်သည် ယနေ့ကာလတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိခဲ့သော ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ဟူ၍ ထည်ဝါခံ့ညားစွာ ရပ်တည်နိုင်ခဲ့သည်။ နယ်ချဲ့တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ကြံစည်သွေးခွဲ ခြယ်လှယ်ခဲ့ကြသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို အမြဲတမ်းစောင့်သိရိုသေပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်နေသော တပ်မတော်သည် အခြားတစ်ဖက်၌ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများတွင် စွမ်းစွမ်းတမံ ပါဝင်ဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်သည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ စသည့် အခြေခံအရည်အချင်းနှင့် ပြည့်စုံနေစေရေး အစဉ်လေ့ကျင့်ကြိုးပမ်းလျက်ရှိပြီး နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ် အချုပ်အခြာအာဏာတည်မြဲရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ၌ တိုင်းရင်းသားပြည်သူများက ပါဝင်လက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ဘိလပ်မြေစက်ရုံ စီမံကိန်းများစစ်ဆေး

နေပြည်တော် မတ် ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက်ပိုင်းကနာရီက နေပြည်တော်လယ်ဝေး၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တစ်နေ့ တန်၅၀၀ကျ နေပြည်တော်ဘိလပ်မြေစက်ရုံ စီမံကိန်း(တောင်ဖီလာ)လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်ရန်နှင့် စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Max Myanmar Group of Companies က တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် တစ်နေ့ တန်၅၀၀ကျ ဘိလပ်မြေစက်ရုံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဟသ်ာတ ပင်မဓာတ်အားခွဲရုံ စစ်ဆေး

ရန်ကုန် မတ် ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ်၂၀ရက် နံနက် ၁၁ နာရီက ဟသ်ာတ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး လက်ထောက်အင်ဂျင်နီယာ ဦးရဲလွင်ဦးက ဝန်ထမ်းအင်အား၊ ဟသ်ာတခရိုင်အတွင်း ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းထားရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာ အင်ဂျင်နီယာမှူးကြီး ဦးသန်းတင့်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဓာတ်အားခွဲရုံ Control Room နှင့် Switch Yard တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဇလွန်မြို့နယ် ကျေးလက်ကျောက်ချောလမ်းဖွင့် သမဝါယမဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်အားပေး

နေပြည်တော် မတ် ၂၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မေရီလန်း-အိုးဘို-ရွှေကျောင်း ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၈နာရီက အဆိုပါလမ်း၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းက လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မေရီလန်းကျေးရွာမှ ဦးတင့်ဆွေက ကျေးလက် ကျောက်ချောလမ်းဖြစ်မြောက်ရေး ဆောင်ရွက်ပေးခဲ့မှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် လမ်းသစ်ကို ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိုးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် ရပ်မိရပ်ဖ ဦးလှခိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းတွင် စည်ပင်သာယာရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဘေလီတံတားနှစ်စင်း တည်ဆောက်ခဲ့ပြီး၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အရှည်ပေ ၁၆၅၀၀၊ အကျယ်၈ ပေရှိ ကျောက်ချောလမ်း ခင်းခဲ့ခြင်းဖြစ်သည်။

ရာသီမရွေး

လမ်းဖောက်လုပ်ပြီးစီးသွားသဖြင့် ဇလွန်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စုများဖြစ်သော ဂျမ်းတိုက်ကျေးရွာအုပ်စု၊ ရွှေကျောင်းကျေးရွာအုပ်စု၊ ကော့စိန်ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၄ရွာနေ ပြည်သူများအနေဖြင့် ရန်ကုန်-ဇလွန်-ဟသ်ာတ လမ်းမကြီးသို့ အလွယ်တကူ ရာသီမရွေး သွားလာနိုင်ပြီး ကျေးလက်နေပြည်သူများ အနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၄-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၂၀	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၃၅	၁၄။	ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇:၀၀	၁၅။	(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **သစ္စာမော်ကွန်း** (ပထမပိုင်း) သူထူးစံ၊ မင်းဟိဏ်း၊ နန္ဒ၊ သက်မွန်မြင့်၊ ချစ်စနိုးဦး (ဒါရိုက်တာ-ညိုမင်းလွင်)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **သစ္စာမော်ကွန်း** (ဇာတ်သိမ်း) သူထူးစံ၊ မင်းဟိဏ်း၊ နန္ဒ၊ သက်မွန်မြင့်၊ ချစ်စနိုးဦး (ဒါရိုက်တာ-ညိုမင်းလွင်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆိုမာလီရေပိုင်နက်အတွင်း လုံခြုံရေးဆောင်ရွက်ရန် အင်ဒိုနီးရှား စစ်သင်္ဘောတစ်စင်း စေလွှတ်

ဂျကာတာ မတ် ၂၃

ပင်လယ်ဓားပြတိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည့် ဆိုမာလီရေပိုင်နက်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံမှ စစ်သင်္ဘောတစ်စင်းကို မတ် ၂၀ရက်က စေလွှတ်လိုက်ပြီဖြစ်ကြောင်း အင်ဒိုနီးရှားစစ်ဘက်က ထုတ်ပြန်သည်။

ယခုစေလွှတ်လိုက်သည့် စစ်သင်္ဘောသည် ဆိုမာလီရေပိုင်နက်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် အခြားနိုင်ငံများမှ သင်္ဘော ၁၄စင်းနှင့်အတူ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဆိုမာလီယာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင် ဒေသတစ်လျှောက်သည် ပင်လယ်ဓားပြတိုက်မှု အများဆုံးဖြစ်ပွားသည့် ဒေသဖြစ်သည်။ **(အင်တာနက်)**

အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များ လျှော့ချရေး တူရကီနိုင်ငံက မျှော်လင့်

အန်ကာရာ မတ် ၂၃

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ တပ်ဖြန့်ချထားမှု လျှော့ချရေးကို မျှော်လင့်ပါကြောင်း တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အယ်ဘာဘာကန်က မတ် ၂၁ရက်တွင် ထုတ်ဖော်ပြောကြားသည်။

တာဝန်ယူဆောင်ရွက်မည်

တူရကီနိုင်ငံ(အေတီဗွီ)သတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်း၌ အီရတ်နိုင်ငံအရေးနှင့်ပတ်သက်၍ ၂၀၁၁ခုနှစ် အရောက်တွင် အမေရိကန်တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းရေးနှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့အား ၎င်းနိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံမှုဆိုင်ရာ သင်တန်းများ ပို့ချရေးကို တူရကီနိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ဘာဘာကန်က ထပ်လောင်းပြောကြားသည်။

အီရတ်နိုင်ငံအား လွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်ဆိုင်သော သွေးစည်းညီညွတ်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးကို လိုလားကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

* ရှေ့ဖုံးမှ

စစ်ရေးပြကွင်းကြီးသို့ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက်၆နာရီတွင် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးရန်မျိုးအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမင်းသိမ်းတင့် ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းအောင် ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ထွေး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန့်နိုင် ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ

စစ်ကြောင်းတပ်ခွဲများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၆၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းခုနစ်ကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအား စစ်ကြောင်းတပ်ခွဲများအလိုက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်း ခုနစ်ကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအား စစ်ကြောင်းတပ်ခွဲများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားကာ နံနက်၈နာရီ မိနစ် ၂၀တွင် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့၍ ယင်းအစည်းအဝေးကို မတ်၂၈ရက် (စနေနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Kasit Piromya နှင့် ဇနီးနှင့်အဖွဲ့သည် မတ် ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်၊ ရတနာဆင်ဖြူတော်ဥယျာဉ်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်ဖူးမြော်ကြည့်ညို လေ့လာကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Kasit Piromya သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ညနေပိုင်းတွင် ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး နာဂစ် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော ညောင်ပိုင်းဘုန်းတော်ကြီးကျောင်း ပြင်ဆင်ဆောက်လုပ်ရေးအတွက် အလှူငွေအမေရိကန်ဒေါ်လာ ၅၆၈၀၇ ကို ပေးအပ်လှူဒါန်းသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ဝန်ကြီးဦးညဏ်ဝင်းက ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်အား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ ဝန်ကြီးဦးညဏ်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး လွှတ်တော်အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဝန်ကြီး ဦးညဏ်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ရတနာဆင်ဖြူတော်ဥယျာဉ် ကြည့်ရှုလေ့လာ

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Kasit Piromya နှင့် အဖွဲ့ဝင်များ ရတနာဆင်ဖြူတော် ဥယျာဉ်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရပိုင်းက တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဖိဖိစီးစီးအလုပ်လုပ်ပြီး ဝန်ထမ်းပိုင်းကလည်း မိမိအလုပ်တာဝန်များကို ကြိုးကြိုးစားစား ကျေပွန်စွာထမ်းဆောင် ပြည်သူများက အလုပ်ကြိုးစားပြီး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဟန်ချက်ညီညီပူးပေါင်းကြရန် အရေးကြီး

ထိုပေါင်းစည်းဆောင်ရွက်မှုအားသည် နိုင်ငံတော်အတွက် အဓိကအဆုံးအဖြတ်ပြုသည့် အင်အားဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကညင်ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ကျော့ဖုံးမှ

ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းသယ်ဆောင်ပြီး အေးချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အရှိန်အဟုန်မပျက် တည်ဆောက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဒေသတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်စည်ပင်သာယာဝပြောရေး၊ နိုင်ငံတော်နှင့် ဒေသအကျိုးအတွက် ဒေသခံပြည်သူတို့၏ အမြတ်တမ်းတက်ကြွသော အားမာန်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေး စသည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ သွက်လက်ကျယ်ပြန့်သော မီဒီယာလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေး၊ ဧရာဝတီတိုင်းသားတို့၏ ပူးပေါင်းဆောင်ရွက်တတ်မှု၊ အပြန်အလှန်စေတနာထား ပံ့ပိုးကူညီစောင့်ရှောက်တတ်မှု စသည့် ကောင်းမြတ်သော အလေ့အထကောင်းများကို နာဂစ်မုန်တိုင်းကယ်ဆယ်ရေး၌ လက်တွေ့မြင်တွေ့ခဲ့ရပြီးဖြစ်ရာ ယင်းအလေ့အထကောင်းများကို ဆက်လက်ထိန်းသိမ်းရေး၊ သမိုင်းဖြစ်စဉ် ဖြစ်ရပ်များမှ အတွေ့အကြုံသင်ခန်းစာများကို ရယူပြီး အမှား အမှန်၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြား၍ မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို အောင်မြင်အောင် တည်ဆောက်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် မြောင်းမြသို့ ရောက်ရှိကြပြီး နောင်ရိုးခန်းမ၌ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့တို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဧရာဝတီတိုင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ပိုမိုဖွံ့ဖြိုးတိုးတက်

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နာဂစ်မုန်တိုင်းသင့် ပြည်သူများအား စေတနာသဒ္ဓါတရားများဖြင့် ခိုလှုံရာပေးပြီး ကူညီစောင့်ရှောက်ခဲ့ကြသော မြောင်းမြဒေသပြည်သူများအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ဧရာဝတီတိုင်းသည် စည်းလုံးညီညွတ်မှုအား၊ ကြိုးစားမှုအားတို့ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဒေသခံ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော ပိုးမွှားများနှင့် ရောဂါကာကွယ်နှိမ်နင်းနည်း၊ အထွက်ကောင်းမျိုးစပါး၊ ဆန်၊ ထမင်းနှင့် သဘာဝဓာတ်မြေဩဇာအမျိုးမျိုးတို့ကိုလည်းကောင်း၊ မြောင်းမြခရိုင် စက်မှုဇုန်က ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများကိုလည်းကောင်း ကြည့်ရှုကြသည်။

မြောင်းမြမြို့ မြို့မအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် နွေရာသီအခြေခံတင်းနစ်အားကစားသင်တန်းနှင့် မြောင်းမြမြို့ ဒေသအရန်မီးသတ်တပ်ဖွဲ့၏ ထော်လာဂျီမီးသတ်ယာဉ်များဖြင့် လက်တွေ့မီးသတ်စွမ်းရည်ပြသနေမှုများကိုလည်း ကြည့်ရှုအားပေးကြသည်။

အားပေးစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံ၌ ဖွင့်လှစ်ထားသော လူငယ်အားမာန်သင်တန်းကျောင်းသို့ သွားရောက်ကြပြီး နာဂစ်မုန်တိုင်းဒဏ်ကြောင့် မိဘမဲ့ဖြစ်ခဲ့ရသော လူငယ်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြသည်။

ယင်းနောက် လူငယ်အားမာန်သင်တန်းကျောင်းရှိ ကလေးများအတွက် ဆန်အိတ်၊ အဝတ်အထည်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ ရေကြည်မြို့သို့ ရဟတ်ယာဉ်များဖြင့် ညနေ ၃နာရီတွင် ရောက်ရှိကြသည်။

မေးမြန်းဆွေးနွေး

ရှေးဦးစွာ ရေကြည်မြို့ အခြေခံပညာအလယ်တန်းကျောင်း ရှင်းလင်းဆောင်၌ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က RC နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်လှူဒါန်းမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကြီးက လိုအပ်သည်များကို မေးမြန်းဆွေးနွေးမှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းအတွက် ကွန်ပျူတာတစ်လုံးကိုလည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နိုင်ရန် ငွေကျပ် သိန်း ၂၅၀၀ကိုလည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီဒါရိုက်တာ ဦးအုန်းကျော်က ရေကြည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သွပ်အချပ် ၁၅၀၀၀နှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားဘောလုံးများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ရေကြည်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် မြန်မာ့ဝါးထည်လက်မှုလုပ်ငန်း(ကျောက်စိမ်းဆင်)မှ ဝါးဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ပြည်ပတင်ပို့သည့် အထွက်ကောင်းမျိုးစပါးများဖြစ်သော ဆင်းသွယ်လတ်၊ ဆင်းသုခ၊ မနောသုခ၊ ဆင်းနွယ်ရင်၊ သီးထပ်ရင်၊ မီးကောက်နှင့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်၊ ပဲလွမ်း၊ ကုလားပဲများကိုလည်းကောင်း၊ ရေကြည် ကြိမ်ထည်ပစ္စည်း အိမ်တွင်းလက်မှုထုတ်ကုန်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုကြသည်။

ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ရေကြည်မြို့မှ ညနေ ၅နာရီတွင် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ဟင်္သာတမြို့သို့ ရောက်ရှိ ညအိပ်ရပ်နားကြသည်။

ကညင်ရေလှောင်တမံစီမံကိန်း

ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မတ် ၂၁ရက် နံနက်ပိုင်းတွင် ငဝန်တံတား (မြို့ကွင်း)ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ညောင်ခြေထောက်မှ ကညင်ရေလှောင်တမံသို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီ ၁၅မိနစ်တွင် ကညင်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကညင်ရေလှောင်တမံစီမံကိန်းတည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လယ်မြေဧက ၂၅၀၀၀ ခန့်ကို ရေသွင်းစိုက်ပျိုးနိုင်ရန်၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ် ထုတ်ယူ၍ အနီးပတ်ဝန်းကျင် ကျေးရွာများအား လျှပ်စစ်မီးပေးနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဓိကဆောင်ရွက်ရသည့် လုပ်ငန်း(၇)ရပ်ကို ကြိုးပမ်းတည်ဆောက်ခဲ့ရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၂၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ သတ်မှတ်ချိန်မီ ပြီးစီးနိုင်ရေး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ကညင်ရေလှောင်တမံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို စီမံကိန်းရှင်းလင်းဆောင်အနီးမှ ကြည့်ရှုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော်အစိုးရက ရည်မှန်းချက်ရှိရှိ အလုပ်ကို ကြိုးစားလုပ်ပြီး တပ်မတော်ကလည်း နိုင်ငံတော်နှင့် ပြည်သူအပေါ် ထာဝရသစ္စာရှိရှိ အလုပ်အကျွေးပြု၊ ပြည်သူများကလည်း နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလုပ်လုပ်မှုတို့ဖြင့်တုံ့ပြန်၊ ဤသို့ ဟန်ချက်ညီညီပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီး။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကံမမြို့ မဒေးရေလှောင်တမံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ၏ လိုလားချက်ဖြစ် ယင်းကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းမှုအားဖြင့် ဖြည့်ဆည်းအကောင်အထည်ဖော်

စာမျက်နှာ ၄ မှ

ဤကြည်ရေလှောင်တမံ စီမံကိန်းနှင့် တည်ဆောက်ပြီးဖြစ်သည့် မမြရေလှောင်တမံတို့၌ ဒေသသုံး အသေးစားရေအားလျှပ်စစ် တာဘိုင်စက်ငယ်များ ဖြစ်နိုင်သမျှ ထည့်သွင်းတည်ဆောက်၍ ပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်မီးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ကြည်ရေလှောင်တမံ စီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မွန်းတည့် ၁၂နာရီတွင် ကြံခင်းမြို့သို့ ရောက်ရှိရာ ကြံခင်းတပ်နယ်မှ ဗိုလ်မှူးကြီးဟန်ညွှန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်း ဘိလပ်မြေစက်ရုံသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တာဝန်ရှိသူများက ဘိလပ်မြေ ကုန်ကြမ်းကြိတ်စက်၊ ကုန်ချောကြိတ်စက်များ လည်ပတ်နေမှု စသည့် ဘိလပ်မြေထုတ်လုပ်မှုအဆင့်ဆင့်ကို စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

တိုးတက်မှုများ

ဧရာဝတီတိုင်း မအူပင်၊ ပုသိမ်၊ မြောင်းမြနှင့် ရေကြည်တို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ဆက်စကားပြောကြားရာ၌ ဧရာဝတီတိုင်းသို့ မိမိတို့ ယခုရောက်ရှိသည့်အခါ မျက်မြင်တွေ့ရှိချက်များအရ ယခင်အခြေအနေများနှင့်မတူ စည်ပင်သာယာမှု၊ သန့်ရှင်းသပ်ရပ်မှု၊ တိုးတက်မှုများ သိသာစွာ ပြောင်းလဲဖြစ်ပေါ်နေသည်ကို တွေ့မြင်ရ၍ များစွာ ဝမ်းသာပီတိဖြစ်ရပါကြောင်း။

ယင်းသို့ တိုးတက်ဖွံ့ဖြိုးမှု၊ သန့်ရှင်းသပ်ရပ်စည်ပင်မှုများ ဖြစ်ပေါ်ရခြင်းမှာ အဓိကအားဖြင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာ၍ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းမှူးအဖြစ် မိမိစတင်တာဝန်ယူသည့်အချိန်အထိ ဧရာဝတီတိုင်းသည် ကားလမ်းကြောင်းများ အားလုံးမပွင့်သေးဘဲ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတားတို့ကို တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယင်းနောက်ပိုင်း၌ လိုအပ်သောတံတားများ တည်ဆောက်ပြီးစီးပြီး မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ မြောင်းမြ၊ ဆားမလောက်၊ ညောင်တုန်း စသည်ဖြင့် ဒေသအားလုံး တစ်ဆက်တစ်စပ်တည်း သွားလာနိုင်သည့် ကားလမ်းကြောင်းများ ဖြစ်တည်လာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှုပွင့်သွားပြီး သိသာစွာ စတင်တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူမြန်ဆန်ချောမွေ့ခြင်းက ဖွံ့ဖြိုးမှုကိုဖော်ဆောင်ပေးနိုင်သည့် သာဓကပင်ဖြစ်ကြောင်း။

တိုးတက်စည်ပင်

ထို့ပြင် နိုင်ငံတော်က ဧရာဝတီတိုင်းတစ်ခုလုံး ကွက်ပြည့် ဖွံ့ဖြိုးလာစေရေးအတွက် ပုသိမ်-ဟင်္သာတနှင့် မအူပင်ဒေသတို့ကိုလည်း ဖွံ့ဖြိုးရေး အထူးဒေသများအဖြစ် သတ်မှတ်၍ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများကို ဖြည့်တင်းပေးလိုက်သည့်အခါ ပို၍မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စည်ပင်လာကြောင်း။

ထို့အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှု၊ မိမိတို့ မွေးရပ်ဇာတိ၏ ဖွံ့ဖြိုးရေးကို စိတ်ဝင်စားစွာ စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်ပေးသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၏ ပံ့ပိုးအထောက်အကူပြုမှုနှင့် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်မှု စသည့် အကြောင်းစုများကြောင့်လည်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရလာခြင်းဖြစ်သည် ဟုဆိုလျှင် အဓိပ္ပာယ် ပိုမိုပြည့်စုံသွားမှာဖြစ်ကြောင်း။

တက်ညီလက်ညီ

ခြုံလိုက်လျှင် နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် တိုးတက်ဖြစ်ထွန်းမှု မြန်ဆန်လာခြင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်း တစ်တိုင်းလုံး ယခုကဲ့သို့ တိုးတက်နေသကဲ့သို့ အခြားပြည်နယ်၊ တိုင်းဒေသများသည်လည်း ဧရာဝတီတိုင်းနှင့်အတူ ရင်ပေါင်တန်း၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ယခင်ခေတ်ကာလများနှင့်မတူ အရှိန်အဟုန်ရှိရှိ မြင်သာထင်သာစွာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိသည်မှာ မှန်သော်လည်း အားနည်းချက်များနှင့် မပြည့်စုံမှုများလည်း ရှိနေသေးပါကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အပိုင်းကလည်း ပြည်သူများနှင့်ပူးပေါင်း၍ ယင်းမပြည့်စုံမှုများကို ပြည့်စုံလာအောင်၊ အားနည်းချက်များကို ကျော်လွှားပြီး အားသာချက်များဖြစ်လာအောင် စေတနာထားပြီး အစဉ်ကြိုးပမ်းလျက်ရှိကြောင်း။

ရိုးသားကြိုးစားသော ဧရာဝတီတိုင်းသားများအနေဖြင့် သောင်းကျန်းသူဆန့်ကျင်ချေမှုန်းခဲ့ရသည့် ဖြစ်စဉ်၌လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လည်းကောင်း၊ နာဂစ်မုန်တိုင်းဒဏ် ပြန်လည်တူ့ပြန်တည်ဆောက်သည့် လုပ်ငန်းများ၌လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှိရှိ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု၊ စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် စောင့်ရှောက်လုပ်ကိုင်မှု စသည့် ဧရာဝတီ၏သမိုင်းကြောင်း အစဉ်အလာကောင်းနှင့် အတွေ့အကြုံကောင်းများကြောင့် နောင်၌လည်း ဆက်လက်တိုးတက်ဖွံ့ဖြိုးရန် အခြေအနေများရှိနေကြောင်း၊ မည်မျှပင်ပြင်းထန်သော သဘာဝဘေးဒဏ်ကို မကြုံစဖူးရင်ဆိုင်ရသော်လည်း မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်း၊ သားငါးလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် စေတနာသန့်သန့်ဖြင့် ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကို တည်ဆောက်နေခြင်း၊ နိုင်ငံတော်ကို အလုပ်ဖြင့် မြတ်နိုးနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရပိုင်းကလည်း တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဖိဖိစီးစီး အလုပ်လုပ်ပြီး ဝန်ထမ်းပိုင်းကလည်း မိမိအလုပ်တာဝန်များကို ကြိုးကြိုးစားစား၊ ကျေကျေပွန်ပွန်ထမ်းဆောင်၊ ပြည်သူများကလည်း ကြိုးစားအလုပ်လုပ်ကြပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ထိထိရောက်ရောက် ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ယင်းပေါင်းစည်းဆောင်ရွက်မှုအားသည် နိုင်ငံတော်အတွက် အဓိက အဆုံးအဖြတ်ပြုသည့် အင်အားဖြစ်ကြောင်း၊ ပြည်သူများ၏ တစ်ခဲနက်ဆန္ဒပြုမှုဖြင့် အတည်ပြုပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌လည်း ယင်းအစဉ်အလာကောင်းနှင့် အတွေ့အကြုံကောင်းများအပေါ် အခြေပြု၍ တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

အားပေးစကားပြောကြား

ထို့နောက် ကြံခင်းမြို့မှ ပဲခူးတိုင်းအနောက်ပိုင်း အင်းမမြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တပ်နယ်အတွင်းရှိ တပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်မြို့သို့ ညနေ ၄နာရီတွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ရှိ ခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

အကောင်အထည်ဖော်

ထိုသို့ တွေ့ဆုံရာ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူအားလုံး၏ လိုလားတောင့်တချက်ပင်ဖြစ်ကြောင်း၊ ယင်းလိုလားတောင့်တချက်များကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းမှုအားဖြင့် ဖြည့်ဆည်းအကောင်အထည်ဖော်သွားရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ရည်မှန်းချက်ရှိရှိ အလုပ်ကို ကြိုးစားလုပ်ပြီး တပ်မတော်ကလည်း နိုင်ငံတော်နှင့် ပြည်သူအပေါ် ထာဝရသစ္စာရှိရှိ အလုပ်အကျွေးပြု၊ ပြည်သူများကလည်း နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလုပ်လုပ်မှုတို့ဖြင့် တုံ့ပြန်၊ ဤသို့ ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

ပြည်ဒေသမှ ပြည်သူများကလည်း နိုင်ငံတော်အစိုးရက ပြည့်စုံလုနီးပါး တည်ဆောက်ထူထောင်ထားပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံများကို ထိရောက်စွာ အသုံးချ၍ ဒေသဖွံ့ဖြိုးရေး ၊ နိုင်ငံတော် တိုးတက်ရေးတို့ကို ဖော်ဆောင်သွားကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကိုရုပ်သိမ်းပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပြည်မြို့ ဆံတော်ရပ်ရှိ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလဇောတိအား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မတ် ၂၂ရက် နံနက်ပိုင်းတွင် ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကံမမြို့ ကံမဘူတာ၌ ဌာနဆိုင်ရာများ၊ ဒေသခံ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ကံမမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၁၁နာရီ ၁၅မိနစ်တွင် မဒေးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

မဒေးရေလှောင်တမံစီမံကိန်း

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မဒေးရေလှောင်တမံ စီမံကိန်းသည် မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီးအနောက်ဘက် သုံးမိုင်ခွဲခန့်အကွာ ကြို့ပင်ရွာအနီး တည်ဆောက်အကောင်အထည်ဖော်ထားသည့် စီမံကိန်းဖြစ်ပါကြောင်း ပဏာမရှင်းလင်းပြီး စီမံကိန်းအရ တမံတည်ဆောက်ပြီး ရေစတင်သိုလှောင်နိုင်ခဲ့မှုနှင့် ဆည်ရေဝင်ရောက်စီးဆင်းမှု၊ ရေပိုလွှဲနှင့် ဆည်ရေသောက်စနစ် တည်ဆောက်လျက်ရှိမှု၊ နွေစပါးဧရိယာအချို့သို့ စိုက်ပျိုးရေ ပေးဝေထားမှု၊ ဒေသသုံး အသေးစားရေအားလျှပ်စစ်တာဘိုင်စက်ငယ်များကို ထည့်သွင်းတည်ဆောက်မှုနှင့် ဆည်ရေသောက်စနစ် အပြည့်ပြီးစီးချိန်၌ ဧက၂၀၀၀ ကို ရေပေးဝေနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လျာထားဧက

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဒေသတွင်း၌ မိုးစပါး၊ နွေစပါးကို သတ်မှတ်လျာထားဧက ပြည့်မီရေး စီမံဆောင်ရွက်ထားမှုနှင့် ဒေသဆန်ဖူလုံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က မဒေးရေလှောင်တမံမှ ရရှိမည့် ဆည်ရေဖြင့် နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံပုံစံပြောင်းလဲပြီး သုံးသီးစိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရေဝင်ရောက်မှုကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မဒေးရေလှောင်တမံ စီမံကိန်း ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မဒေးရေလှောင်တမံစီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မင်းတုန်းမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မင်းတုန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဆောက်လုပ်ရေးရိပ်သာ၌ မြို့နယ်မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် မင်းတုန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ သရက်မြို့သို့ မွန်းလွဲ ၁နာရီခွဲတွင် ရောက်ရှိကြပြီး ရှေးဦးစွာ သရက်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် သရက်မြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးက ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် ခိုင်မာစွာရပ်တည်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဒေါက်တာချမ်းငြိမ်း၊ ဗိုလ်မှူးကြီးသိန်းညွှန့်၊ ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က မကွေးတိုင်း၏ တင်ပြချက်များအနက် ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ်စကားပြောကြားပြီး ဒေသခံများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ထို့နောက် သရက်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွား အဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီး ဦးသောင်းတို့က နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဝန်ကြီး ဦးသောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးကျော်စိုးတို့က ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခရေ၊ ကံ့ကော်နှင့် သဘော်တည်ပင်များကို စိုက်ပျိုးပေးကြပြီး တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဝန်ကြီး ဦးသောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါ ကာလသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတတ်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဖော်ဆောင်နေသည့် အချိန်ဖြစ်သကဲ့သို့ ဒေသအလိုက် ပညာအရည်အသွေး မြင့်မားပြီး နိုင်ငံတော်အတွက် အကျိုးပြုမည့် ပညာတတ်များအား ပြုစုပျိုးထောင်မွေးထုတ်နေသည့် အချိန်အခါလည်း ဖြစ်ကြောင်း။

ဖွင့်လှစ်ထူထောင်

ဤကဲ့သို့ ကြိုးပမ်းအားထုတ် ဆောင်ရွက်သည့်နေရာတွင် နည်းပညာကဏ္ဍသည် ကမ္ဘာနှင့်အဝန်း အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေပြီး လူ့အဖွဲ့အစည်းများ၏ စွမ်းအားများကို ထိရောက်စွာ အကျိုးသက်ရောက် စေလျက်ရှိသည့်အတွက် တိုးတက်နေသော နည်းပညာများကို သင်ကြားရယူနိုင်ရန် ယခုကဲ့သို့ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များကို ဖွံ့ဖြိုးရေးဒေသအသီးသီး၌ ဖွင့်လှစ်ထူထောင်ပေးနေခြင်း ဖြစ်ကြောင်း။

မွန်ပြည်နယ်သည် နယ်မြေအရ၊ ပထဝီအနေအထားအရ အချက်အချာ ကျပြီး တိုင်းရင်းသားလူမျိုးစုံ စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုလေးအဖြစ် တွေ့ရှိရမှာဖြစ်ပြီး တစ်ဖက် အိမ်နီးချင်းနိုင်ငံနှင့်လည်း ဆက်စပ်တည်ရှိနေသော နယ်မြေလည်းဖြစ်သည့်အတွက် ပြည်နယ်အတွင်း၌ နိုင်ငံရေးအခြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ လူမှုရေးအခြေခံကောင်းများ ခိုင်မြဲနေရန် အမှန် လိုအပ်လျက်ရှိကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

သံလွင်မြစ်ကူးတံတားကြီး

ရှေးယခင်က ဤကဲ့သို့ အချက်အချာကျသည့် မွန်ပြည်နယ်မြို့တော် မော်လမြိုင်မြို့ကို ဆက်သွယ်သွားလာနိုင်ရန်အတွက် သဘာဝ အတားအဆီး တစ်ခုဖြစ်သည့် သံလွင်မြစ်ကို ရေယာဉ်များဖြင့် အချိန်ယူဖြတ်ကူးရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စိတ်ချမ်းမြေ့လုံခြုံစွာ သွားလာနိုင်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် နိုင်ငံတော်၌ အရှည်ဆုံးဖြစ်ပြီး ကားရော ရထားပါ သွားလာနိုင်သည့် မော်လမြိုင် သံလွင်မြစ်ကူးတံတားကြီးကို မဖြစ်မနေ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အထောက်အကူပြု

မွန်ပြည်နယ်သည် ရေမြေသဘာဝကောင်းမွန်သော ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ မိုးစပါးဧက ကိုးသိန်းခန့်၊ နွေစပါးဧက ၁၃၀၀၀၀ကျော် စိုက်ပျိုးလျက်ရှိသည့်အတွက် ဒေသဆန် ဖူလုံမှု ရာခိုင်နှုန်းအားကောင်းသော၊ ဆန်စပါး ပိုလျှံသော ပြည်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်းတွင် စက်မှုကုန်ကြမ်းသီးနှံ တစ်ခုဖြစ်သည့် ရော်ဘာကိုလည်း ဧကလေးသိန်းအထိ တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ရော်ဘာအများဆုံး စိုက်ပျိုးသည့် ပြည်နယ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍတွင် မွန်ပြည်နယ်၏ လယ်ယာ ကုန်ထုတ်လုပ်မှုသည် အတိုင်းအတာတစ်ရပ်အထိ ထိရောက်စွာပါဝင်အထောက်အကူပြုလျက်ရှိပြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် ပြည်နယ်တစ်ခုဟု ဆိုရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းစေပြီး နယ်မြေအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖွံ့ဖြိုးရေးဒေသ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် စသည့် ဖွံ့ဖြိုးရေးစီမံကိန်းသုံးခုချမှတ်ပြီး ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခုနှင့် စပ်လျဉ်းသည့် စီမံကိန်းအရ ယနေ့ဆိုလျှင် နိုင်ငံတော်၌ တက္ကသိုလ်ပေါင်း ၁၅၈ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူပေါင်း ခုနစ်သိန်းကျော်သည် အဆင့်မြင့်ပညာရပ်များကို သင်ကြားလျက်ရှိကြောင်း။

ထို့အတူ မွန်ပြည်နယ် အတွက် မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့် တက္ကသိုလ်များကိုလည်း တည်ဆောက်ထူထောင်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ပြုစုပျိုးထောင်

မော်လမြိုင်ဒေသရှိ တက္ကသိုလ်များသည် ပုံသဏ္ဍာန်အားဖြင့် ခံ့ညားထည်ဝါမှု ရှိသကဲ့သို့ အနှစ်သာရအားဖြင့်လည်း မိမိတို့ပြည်နယ်ကို အကျိုးပြုမည့်၊ နိုင်ငံတော်ကို အကျိုးပြုမည့် အကျင့်သိက္ခာရှိသော ပညာတတ်များ၊ နည်းပညာရှင်များ ပေါ်ထွက်လာအောင် ကြိုးစားပြုစု ပျိုးထောင်သွားရမှာဖြစ်ကြောင်း။

မွေးထုတ်ပေး

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတိုင်း ပညာရေးဖြင့်သာ လူ့အဖွဲ့အစည်းတစ်ရပ်၏ ရေရှည်တိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မှာ ဖြစ်သည့်အတွက် ပညာတတ် လူ့အရင်းအမြစ်များကို အရေအတွက်အရရော၊ အရည်အချင်းအရပါ တိုးတက်လာအောင် မွေးထုတ်ပေးကြရမှာ ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

24-3 (06).pmd 1 3/24/2009, 3:05 AM

စာမျက်နှာ ၆ မှ

ထို့ကြောင့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရာတွင် ပဓာနကျသော အမျိုးသားရေးအင်အားစုနှစ်ရပ် လိုအပ်ကြောင်း၊ နိုင်ငံတော်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် ပြည်ထောင်စု မပြိုကွဲရေးကို ကာကွယ်စောင့်ရှောက်မည့် မျိုးချစ်အင်အားစုနှင့် သဘာဝအရင်းအမြစ်များကို တန်ဖိုးရှိအောင် ဖော်ဆောင်နိုင်မည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း"** ဖြင့် လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

ကြိုးစားဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မင်္ဂလာရှိသည့် မော်လမြိုင်နည်းပညာတက္ကသိုလ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ဤနည်းပညာတက္ကသိုလ်မှ တက္ကသိုလ်အတွက် အကျိုးပြုမည့် ထူးချွန်သည့် ပညာတတ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဤတက္ကသိုလ်၏ ပညာသင်ကြားမှု အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားအောင် ကြိုးစားဆောင်ရွက်ကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သိင်္ဂီကနည်းပညာတက္ကသိုလ်(မော်လမြိုင်)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)က နည်းပညာတက္ကသိုလ်(မော်လမြိုင်)အတွက် ရုပ်မြင်သံကြားစက် နှစ်လုံးကို ပေးအပ်လှူဒါန်းရာ ခေတ္တကျောင်းအုပ်ကြီးဒေါက်တာရန်အောင်ဦးက လက်ခံသည်။

ဆုများချီးမြှင့်

ထို့နောက် အတွင်းရေးမှူး(၁)က ၂၀၀၈ခုနှစ် AGTI ဒုတိယနှစ် အတန်းတင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ပထမဆုရ မောင်ဝင်းသူမောင်၊ Debate ပြိုင်ပွဲတွင် ပထမဆုရ မောင်ကျော်သီဟ၊ ဒုတိယဆုရ မောင်ထွန်းထွန်းလင်း၊ တတိယဆုရ မကျော့ကေသွယ်၊ Essay ပြိုင်ပွဲတွင် ပထမဆုရ မောင်မျိုးလွင်၊ ဒုတိယဆုရ မယဉ်ဝင်းထက်၊ တတိယဆုရ မောင်ပိုင်မျိုးဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပထမနှစ်(မြို့ပြအင်ဂျင်နီယာ)ကျောင်းသူ မကျော့ကေသွယ်က ဤကဲ့သို့ နည်းပညာတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပေးခဲ့ခြင်းအတွက် ဒေသနေ လူငယ်လူရွယ်များကိုယ်စား နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဒေသနှင့် နိုင်ငံတော်အတွက် အကျိုးပြုမည့်သူများ ဖြစ်အောင် ကြိုးပမ်း အားထုတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ Computer Room, Language Lab, Drawing Room, e-Libary & Internet Room တို့နှင့် သုတေသနပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော ကျောင်းဆောင်သစ်သည် အလျား ၅၁၃ပေ၊ အနံ ၂၁၃ပေ ကျယ်ဝန်းပြီး သံကူကွန်ကရစ် အမျိုးအစား သုံးထပ်အဆောက်အအုံဖြစ်ကာ စာသင်ခန်း၃၈ခန်း၊ ကျောင်းအုပ်ကြီးရုံးခန်း၊ ကျောင်းသားရေးရာအခန်း၊ စီမံရေးရာအခန်း၊ ငွေစာရင်းအခန်းနှင့် အလျားပေ ၁၂၀၊ အနံပေ ၈၀ကျယ်ဝန်းသော ဘွဲ့နှင်းသဘင်ခန်းမတို့ ပါဝင်ကြောင်းသိရသည်။

တက်ရောက်သင်ကြား

ယနေ့ ဖွင့်လှစ်လိုက်သည့် နည်းပညာတက္ကသိုလ်(မော်လမြိုင်)တွင် အေဂျီတီအိုင်ဒီပလိုမာ ပထမနှစ်ကျောင်းသား ကျောင်းသူ ၇၇၄ဦး၊ ဒုတိယနှစ်ကျောင်းသား ကျောင်းသူ ၆၃၉ဦး၊ အင်ဂျင်နီယာဘွဲ့ သင်တန်းကျောင်းသား ကျောင်းသူ၂၆၂ဦး၊ မဟာအင်ဂျင်နီယာဘွဲ့သင်တန်း ကျောင်းသား ကျောင်းသူ ၃၇ဦး စုစုပေါင်း ၁၇၁၂ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ ၁၁ဦး၊ အင်ဂျင်နီယာဘွဲ့ ၆၄၆ဦး၊ နည်းပညာဘွဲ့ ၁၁၁၀၊ အေဂျီတီအိုင်ဒီပလိုမာ ၅၀၃၅ဦး၊ အီးဂျီတီအိုင် ဒီပလိုမာ ၇၇၉ဦးနှင့် အခြေခံကျွမ်းကျင်မှုသင်တန်း၌ ၃၂၉ဦး စုစုပေါင်း ၇၉၁၀ကို မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး Debate ပြိုင်ပွဲတွင် ပထမဆုရ မောင်ကျော်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နည်းပညာတက္ကသိုလ် (မော်လမြိုင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့အချိန်အခါ ကာလသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဖော်ဆောင်နေသည့် အချိန်ဖြစ်သကဲ့သို့ ဒေသအလိုက် ပညာအရည်အသွေးမြင့်မားပြီး နိုင်ငံတော်အတွက် အကျိုးပြုမည့် ပညာတတ်များအား ပြုစုပျိုးထောင်မွေးထုတ်နေသည့် အချိန်အခါဖြစ်။

မှန်ကြိုင်-မှန်ရင်းလမ်းကျောက်ချောခင်း

တန့်ဆည် မတ် ၂၃

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မှန်ကြိုင်-မှန်ရင်းလမ်း ကျေးလက်ကျောက်ချောခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးနွယ်မွန် လာရောက်စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဌေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် သုံးခွမြို့နယ် သုံးခွမြို့ ရဲနွံ့ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယမန်နေ့ နံနက်ဖနာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် လမ်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်စပ်လျဉ်းသောအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူး၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သီလဝါလမ်းဆုံရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးက ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ သန်လျင်-သုံးခွ-ခရမ်းလမ်း ပြုပြင်ခင်းကျင်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ခရမ်း-ရေကျော်-အောင်သာဒါန်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

24-3 (07).pmd 1 3/24/2009, 3:05 AM

ဆေးဝါးဆိုင်ရာပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်တွင် ဖွင့်လှစ်ပေးထားသော ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပင်မစာသင်ဆောင်ကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

မကွေး ဆေးတက္ကသိုလ်အနီး ဖွင့်လှစ်ထားသော ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ(မကွေး)ကို သပ်ရပ်လှပစွာ ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် မြိတ်မြို့တွင် တည်ဆောက်ပေးထားသည့် အထွေထွေရောဂါကု ဆေးရုံကြီး(မြိတ်)ကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	**ဆေးရုံများတိုးချဲ့မြှင့်တင်မှု**	၆၃၁	၈၄၆	၂၁၅
	- ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများ	၆၁၇	၈၂၀	၂၀၃
	- အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၁၄	၂၆	၁၂
၂	**တိုင်းရင်းဆေး**			
	-တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
	-တိုင်းရင်းဆေးကုဌာန	၈၉	၂၃၇	၁၄၈
၃	**ကျန်းမာရေးဌာန**			
	-ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၈၁	၁၄၄
	-ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၂
၄	**ဆေးနှင့်ကျန်းမာရေးဆိုင်ရာသင်ကြားမှု**			
	-တက္ကသိုလ်များ	၄	၁၅	၁၁
	-သင်တန်းကျောင်းများ	၂၀	၄၃	၂၂

ခုတင်(၂၀၀)ဆံ့ ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံ

ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကို ခံ့ညားစွာ ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

(၆၄)နှစ်မြောက် တပ်မတော

သုံးရော

(အဝါ အစိမ်း အနီ

အဝါရောင်ဆိုတာက ဘာသာရယ် သာ
တိုးလိမ့်မည်။
အစိမ်းရောင်ဆိုတာကတော့ စပါး
အထွေထွေပေါ်မည်
အနီရောင်ကို မြင်သူအသည်းမှာ ရဲစိတ်ရဲမ
ဆိုသည့် **"သုံးရောင်ခြယ်သီချင်း"**ကို ကြား
အနက် အဓိပ္ပာယ်ဆိုင်ရာ သဘောကို (ဘာ
စဉ်းစားမိ၊ တွေးတောမိကြပေလိမ့်မည်။

ကျွန်တော် ဂျပန်နိုင်ငံ အိုဆာကာတ
တာဝန်ဖြင့် မြန်မာဘာသာ ဧည့်ပါမောက္ခ
"ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်း" ကို တ
မြန်မာနိုင်ငံတော်သံရုံး"သို့သွားရောက်ပြီး
**(တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ မန္တလေးတ
ဘာသာတက္ကသိုလ်၊ မြန်မာဘာသာဧည့်ပါမေ
ကျော်နှင့် ဇနီး ဒေါက်တာမြမြဝင်းတို့နှင့်**
ဆန္ဒမဲများပေးခဲ့ပါသည်။ အခြေခံဥပဒေသစ်
တို့ကိုလည်း ရှာဖွေ ဖတ်ရှုခဲ့ရပါသည်။

မြန်မာသံအမတ်ကြီး **ဦးလှမြင့်(ဗိုလ်မှူး**
မြန်မာသံရုံး အရာထမ်းအမှုထမ်းတို့ကလည်း
မြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအ
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်း

တပ်မတော်ဂုဏ

☆ ကျူးကျော်ရန်စွယ်
တွန်းလှန်ဖယ်လျက်၊ ဖက်ဆစ်
နယ်ချဲ့အား
တရားစစ်ဖွဲ့ တော်လှန်ခဲ့၏။
အမျိုးချစ်သည့် တပ်မတော်...

☆ တိုင်းပြည်လူမျိုး၊ ကောင်းကျိုး
ကိုယ်ကျိုးဆုတ်ကာ၊ ဘာသာ၊
မြှင့်ကာ စောင့်ရှောက်၊ မျိုးဂုဏ်
ထွန်းတောက်ဂုဏ်ဒြပ် တပ်မ

☆ ဦးတည်ချက် "ဆယ့်နှစ်ပါး"
ဆယ်ပါးအားမာန်၊ အဓိဋ္ဌာန်
မလပ်မျှော်တွေး၊ အရေးသုံးပါး
ဦးထိပ်ထား၍၊ နိုးကြားမြင့်မြ

☆ အမျိုးချစ်ပြီး၊ စည်းကမ်းလိုက်
သစ္စာတည်ကြည်၊ စည်းလုံးညီ
စွမ်းရည်ပြည့်ဝ၊ နှလုံးလှလျက်
အတ္တမပွား၊ စွန့်စားမရှုံ့
မတွန့်တည်ကြည်၊ ဂုဏ်ရည်မ
ကိုယ်ကျိုးမဖက်၊ အခက်အခဲ
ရင်ဆိုင်နွဲ၍၊ ရဲစွမ်းသတ္တိ
ပြည့်ဝရည်သွေး၊ အားသစ်မွေး
အနာဂတ်တာဝန်၊ ကျေပွန်ရန်
စွမ်းရည်မြှင့်....
ဂုဏ်တင့်မလပ် တပ်မတော်...

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြ

24-3 (08).pmd 1 3/24/2009, 3:05 AM

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

သုံးရောင်ခြယ်အလံတော်ကြီး ကမ္ဘည်းနဲ့စိုက်ထူပြီ

ဒေါက်တာရွှေပြည်စိုး
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

(အဝါ အစိမ်း အနီ)
အဝါရောင်ဆိုတာက ဘာသာရယ် သာသနာရယ် ပညာရယ်
တိုးလိမ့်မည်။
အစိမ်းရောင်ဆိုတာကတော့ စပါးဆန်ရေ ကျွဲနွား
အထွေထွေပေါမည်။
အနီရောင်ကို မြင်သူအသည်းမှာ ရဲစိတ်ရဲမာန် ထက်သန်လိမ့်မည်။

ဆိုသည့် **"သုံးရောင်ခြယ်သီချင်း"**ကို ကြားလိုက်ရသူတိုင်း **အရောင်နှင့် အနက် အဓိပ္ပာယ်ဆိုင်ရာ သဘောကို** (ဘာသာ စာပေပညာရှင်တိုင်း) စဉ်းစားမိ၊ တွေးတောမိကြပေလိမ့်မည်။

ကျွန်တော် ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်တွင် နိုင်ငံတော်တာဝန်ဖြင့် မြန်မာဘာသာ ဧည့်ပါမောက္ခအဖြစ် ထမ်းဆောင်နေစဉ် **"ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်း"**ကို တိုကျိုမြို့ရှိ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး"**သို့သွားရောက်ပြီး **ဇနီး ဒေါက်တာထက်ထက် (တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်)၊ တိုကျိုနိုင်ငံခြားဘာသာတက္ကသိုလ်၊ မြန်မာဘာသာဧည့်ပါမောက္ခ ဒေါက်တာထွန်းအောင်ကျော်နှင့် ဇနီး ဒေါက်တာမြမြဝင်း**တို့နှင့်အတူ ကြိုတင်ထောက်ခံဆန္ဒမဲများပေးခဲ့ပါသည်။ အခြေခံဥပဒေသစ်မူကြမ်းပါ အချက်အလက်တို့ကိုလည်း ရှာဖွေ ဖတ်ရှုခဲ့ရပါသည်။

မြန်မာသံအမတ်ကြီး **ဦးလှမြင့်(ဗိုလ်မှူးချုပ်လှမြင့်)**နှင့် သံမှူးကြီး၊ မြန်မာသံရုံး အရာထမ်းအမှုထမ်းတို့ကလည်း အနာဂတ်ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအရေးကြီးလှသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းနိုင်ရေးအတွက် ဂျပန်နိုင်ငံရောက် မြန်မာပြည်သူများ သန့်ရှင်းလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးကိစ္စအတွက် ကျရာနေရာမှတာဝန်ကိုယ်စီထမ်းဆောင်နေကြသည်ကို ကြည်နူးဖွယ်တွေ့မြင်ခဲ့ရသည်မှာလည်း အလွန်ဝမ်းမြောက် အားတက်စရာကောင်းလှပေသည်။

တိုကျိုမြို့တွင် တစ်ရက်တာမျှသာနေထိုင်၍ ကြိုတင်ဆန္ဒမဲပေးရေးကိစ္စကို ဆောင်ရွက်ခဲ့သော်လည်း အမိမြန်မာနိုင်ငံတော် အနာဂတ်ဖွံ့ဖြိုးသာယာစေမည့် အခြေခံဥပဒေသစ်ပါ အခန်းတိုင်း အခန်းတိုင်းကို ခရီးစဉ်တစ်လျှောက်လုံး မုဒိတာပွား စဉ်းစားနေမိပါသည်။ ကျွန်တော်တို့လေးဦးနှင့် အခြားပညာတော်သင် မြန်မာကျောင်းသား ကျောင်းသူအချို့တို့သည် မလိုလားသူများ၏ တားဆီးပိတ်ဆို့ နှောင့်ယှက်မှုအချို့ကြောင့် အချိန်အနည်းငယ်မျှသာ နောက်ကျသွားသော်လည်း အနာဂတ်ဒီမိုကရေစီအရေးအတွက် သမိုင်းဝင် သမိုင်းတွင်စေမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို အောင်မြင်စွာ ထောက်ခံနိုင်ခဲ့ကြပါသည်။

ဤသို့ တစိမ့်စိမ့် အတွေးကလေးများနှင့်အတူ **အဝါ အစိမ်း အနီ** သုံးရောင်ခြယ်သီချင်းစာသားတို့က ဦးနှောက်တွင်းသို့ အလိုအလျောက် စီးဆင်းဝင်ရောက်လာပါတော့သည်။

၂၀၁၀ပြည့်နှစ်တွင် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး"ကိုလည်း မြန်မာတစ်ပြည်လုံး ခြိမ့်ခြိမ့်သဲမျှ အောင်မြင်စွာ ကျင်းပတော့မည်ဖြစ်ပါသည်။ သည့်နောက် ပေါ်ထွန်းလာတော့မည့် စစ်မှန်သော ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးနှင့်အတူ **အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်** အောက်ခံ၊ နောက်ခံတွင် အလယ်တည့်တည့်မှ မိုးယံသို့ ဦးတည်နေသည့် ဖြောင့်ဖြောင့်မတ်မတ် ကြယ်ဖြူကြီးတစ်လုံးပါဝင်သည့် အမိမြန်မာပြည်၏ လွတ်လပ်၍ တရားမျှတမှု အမှတ်တံဆိပ် လက္ခဏာဖြစ်သော နိုင်ငံတော်အလံသစ်ကြီးကိုလည်း ကြွားကြွားဝင့်ဝင့် လွှင့်ထူနိုင်တော့မည်ဖြစ်ပေသည်။

အနက်အဓိပ္ပာယ်သဘောအရ အဆိုပါအမှတ်လက္ခဏာနှင့် နိုင်ငံတော်အလံသစ်၏ အတိတ်နိမိတ်သည် အေးချမ်းသာယာ စည်ပင်ဝပြောမည့်သဘောဆောင်နေပေသည်။ အဝါရောင်၏အနက်အဓိပ္ပာယ်မှာ အလင်းရောင်သဘောဖြစ်ပါသည်။ **ထွန်းလင်းခြင်း၊ တောက်ပခြင်း၊ မျှတခြင်း**၏ အယူအဆသဘာဝတို့ ပါဝင်ပေသည်။ အစိမ်းရောင်၏ သင်္ကေတမှာမူ စိမ်းလန်းမှုသဘော၊ သာယာစိုပြည်မှုသဘော၊ လန်းဆန်းတက်ကြွမှုသဘောတို့ သက်ရောက်နေပါသည်။ အနီရောင်၏ သဘောတရားတွင် ရဲရင့်တက်ကြွမှု၊ သတ္တိပြသမှု၊ ထက်မြက်မှု၊ တည်ကြည်ပြတ်သားမှုတို့ ပေါင်းခြုံနေပေသည်။ ယင်းအဝါ၊ အစိမ်း၊ အနီရောင် သုံးမျိုး၏ပေါင်းစည်းမှု ဂုဏ်သတ္တိတွင် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းဆိုသည့် အနက်အဓိပ္ပာယ်တစ်ရပ်ကို အဘိဓာန်ဖွင့်ဆိုပေးနိုင်ပါလိမ့်မည်။

နိုင်ငံတော်အလံသစ်ရှိ **အဝါ၊ အစိမ်း၊ အနီသုံးရောင်ခြယ်သတ္တိသည် ပြည်ထောင်စုကြီး အဓွန့်ရှည်စေမည့် အတိတ်နိမိတ်အဖြစ် ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။** အလံတော်၏ အလယ်တည့်တည့်မှ တစ်လုံးတည်းကြယ်ဖြူကြီး၏ အဓိပ္ပာယ်မှာ လွတ်လပ်၍ တက်ကြွသော နိုင်ငံတော်၏ မူဝါဒအဖြစ်ဖော်ပြနိုင်ပေလိမ့်မည်။ ကြယ်တို့၏ အဓိပ္ပာယ်မှာ ဦးဆောင်မှုပေးခြင်းသဘောဖြစ်ပါသည်။ အဖြူရောင်ကြယ်ဖြစ်နေခြင်းကလည်း ဖြူစင်ရိုးသားသော မြန်မာ့စိတ်နေသဘာဝကို ကိုယ်စားပြုနိုင်ပေလိမ့်မည်။ ကြယ်ကြီးတစ်လုံးတည်းရှိခြင်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်ရသော် မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲဖြင့် တိုင်းရင်းသားအားလုံးအပေါ် နိုင်ငံတော်က လက်တွဲ ဦးဆောင်သွားမည့် အခြေခံစေတနာ လက္ခဏာပင် ဖြစ်ပေလိမ့်မည်။ သုံးရောင်ခြယ် အလျားလိုက် အကန့်များအလယ်မှ အဆိုပါကြယ်ဖြူကြီးက **မိုးယံသို့ ဦးတည်တည့်မတ်စွာ** ညွှန်ပြနေခြင်းက "ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ခြင်း အောင်အတိတ်အောင်နိမိတ်"ကို ဆောင်ယူနေခြင်းဖြစ်ပေသည်။

ကမ္ဘာအရပ်ရပ် နိုင်ငံတော်အလံတို့၏သဘာဝကိုကြည့်လျှင် မည်သည့်ဘက်ကပင် ကြည့်ရ၊ မြင်ရသည်ဖြစ်စေ တစ်သမတ်တည်း တည်ရှိနေရမည့် အနေအထားကိုသာ ဖော်ဆောင်ပေးနိုင်ရပါမည်။ အလံတိမ်းစောင်းနေခြင်း၊ ဇောက်ထိုးသဏ္ဌာန် တည်နေခြင်းများ ကင်းရှင်းနေရပါမည်။ အလံအားမည်သို့ပင် အနေအထားလှည့်ပြောင်း၍ လွှင့်ထူသော်လည်း မူလအလံတော်၏ ပုံမှန်အခြေအနေ၊ အနေအထားတို့ ပျက်ယွင်းခြင်း အလျှင်းမရှိစေရပါ။

အနာဂတ် နိုင်ငံတော်သစ်ကြီးနှင့်အတူ မကြာမီ အောင်အတိတ်အောင်နိမိတ်ကမ္ဘည်းဖြင့် နိုင်ငံတော်အလယ် ဝင့်ထည်စွာ ပေါ်ထွန်းလွှင့်ထူတော့မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကြီးသည် အဆိုပါ **နိုင်ငံတကာ စံချိန်စံညွှန်း**တို့ဖြင့် ကိုက်ညီ ပြည့်စုံနေသည်ဟု ဆိုရပေတော့မည်။ **"အောင်ကမ္ဘည်းဖော် အောင်လံတော်"**ဟုပင် ဆိုရချိမ့်မည်။

၂၀၁၀ပြည့်နှစ်တွင် "အခြေခံဒီမိုကရေစီနည်းကျ လွတ်လပ် တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး"ကျင်းပတော့မည်ဖြစ်ပေရာ မြန်မာပြည်သူများကလည်း အမျိုးသားရေးခံယူချက် ပြည့်ဝစွာ လက်တွဲဝန်းရံပြီး "၂၀၁၀ပြည့် ရွေးကောက်ပွဲကြီး"တွင် ပါဝင်ဆန္ဒပြု ရွေးချယ်တင်မြှောက်ပေးသွားရန် တာဝန်ရှိပေသည်။ ပြည်သူလူထုတစ်ရပ်လုံးက တက်တက်ကြွကြွဖြင့် (ရာနှုန်းပြည့်နီးပါး) ထောက်ခံဆန္ဒမဲပေး၍ တစ်ခဲနက်အတည်ပြုပေးထားသော 'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ"အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူ့ဆန္ဒနှင့်အညီ မူဝါဒလမ်းစဉ်(၇)ရပ် အစီအစဉ်အတိုင်း တပ်မတော်မှတာဝန်ယူ၍ တစ်သဝေမတိမ်း အကောင်အထည်ဖော်ဆောင်ပေးနေသည်။ ယင်းသမိုင်းပေးတာဝန်ကို 'တာဝန်သိသိ တာဝန်ရှိရှိ စေတနာ သစ္စာသမာဓိတို့ဖြင့် ပြည်သူ့အကျိုး ထာဝစဉ်ရှေးရှု သယ်ပိုးပေးနေသော' နိုင်ငံတော်အကြီးအကဲနှင့်တကွ တပ်မတော်အကြီးအကဲများ၊ တပ်မတော်သားအပေါင်းတို့အား ဘေးဘယာဝေးကွာ၍၊ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုးသယ်ပိုးထမ်းဆောင်နိုင်ကာ၊ အောင်မြင်မှုအပေါင်းခသောင်းလျက် ကျန်းမာ ချမ်းသာစေကြောင်း (၆၄)နှစ်မြောက် တပ်မတော်နေ့ အခါသမယတွင် မေတ္တာပို့သ ဆုတောင်းရင်း ဦးညွှတ်အလေးပြုလိုက်ပါသည်။

လာမည့် ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးနှင့် ပေါ်ထွန်းလာတော့မည့် ပြည်ထောင်စုဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကိုလည်း အောင်အတိတ် အောင်နိမိတ်များဖြင့် ထောက်ခံ၍ ဝမ်းပန်းတသာ လက်ကမ်းကြိုဆို လိုက်ရပါတော့သည်။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တပ်မတော်ဂုဏ်ရည်

☆ ကျူးကျော်ရန်စွယ်
တွန်းလှန်ဖယ်လျက်၊ ဖက်ဆစ်ရန်ပွား
နယ်ချဲ့အား
တရားစစ်ဖွဲ့ တော်လှန်ခဲ့၏။
အမျိုးချစ်သည့် တပ်မတော်....။

☆ တိုင်းပြည်လူမျိုး၊ ကောင်းကျိုးရှေ့ထုတ်
ကိုယ်ကျိုးဆုတ်ကာ၊ ဘာသာ၊ သာသနာ
မြင့်ကာ စောင့်ရှောက်၊ မျိုးဂုဏ်မောက်
ထွန်းတောက်ဂုဏ်ဒြပ် တပ်မတော်။

☆ ဦးတည်ချက် "ဆယ့်နှစ်ပါး"
ဆယ်ပါးအားမာန်၊ အဓိဋ္ဌာန် လေးရပ်
မလပ်မျှော်တွေး၊ အရေးသုံးပါး
ဦးထိပ်ထား၍၊ နီးကြားမြင့်မြတ်တပ်မတော်။

☆ အမျိုးချစ်ပြီး၊ စည်းကမ်းလိုက်နာ
သစ္စာတည်ကြည်၊ စည်းလုံးညီ၍
စွမ်းရည်ပြည့်ဝ၊ နလုံးလှလျက်
အတ္တမပွား၊ စွန့်စားမရွံ့
မတွန့်တည်ကြည်၊ ဂုဏ်ရည်မညှိုး
ကိုယ်ကျိုးမဖက်၊ အခက်အခဲကြုံလျှင်
ရင်ဆိုင်နွှဲ၍၊ ရဲစွမ်းသတ္တိ
ပြည့်ဝရည်သွေး၊ အားသစ်မွေးကာ
အနာဂတ်တာဝန်၊ ကျေပွန်ရန်အသင့်
စွမ်းရည်မြင့်....
ဂုဏ်တင့်မလပ် တပ်မတော်....။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်-
ခြိမ့်ခိုင်

မွန်မြတ်စိတ်မှန် သန္နိဋ္ဌာန်

☆ ကမ္ဘာမှာတည်၊ မြန်မာပြည်ဟု
ကြာရှည်ဆုံပျော်၊ မြေပုံပေါ်မှာ
ဂုဏ်မော်ပါပေ့၊ မြန်မာဟေ့လို့
ခါရှေ့စစ်အောင်၊ နှစ်နှစ်ထောင်ကျော်
ခေတ်ဆောင်စံထား၊ ပုဂံဓားတည့်
မာန်အားပြည့်စွာ၊ "နော်ရထာ"သည်
မြန်မာနိုင်ငံသစ်၊ ပထမခေတ်ကို
ဖွင့်လှစ်ထူထောင်၊ ဘက်စုံအောင်မြင်
ဘုန်းရောင်လင်းလက်၊ မြန်မာမင်းဆက်....။

☆ မြန်မာ့သတ္တိ၊ ကမ္ဘာသိအောင်
မှတ်ကြည့်စေချင်၊ ရွှေဘုရင်တည့်
ထင်ပေါ်ကျော်ဟိုး၊ မြန်မာမျိုးတို့
နောင်ရိုးတိုက်ပွဲ၊ သမိုင်းစွဲပြီ
သွေးလည်းနီရင့်၊ မာန်ဟုန်ဝင့်ပြောင်
"ဘုရင့်နောင်"မှ၊ ဒုတိယမြန်မာ
ထူထောင်ကာဖြင့်၊ အင်ပါယာကြီး
ချဲ့ထွင်ပြီးသော်၊ နီးနားပြည်ပေါင်း
ဩဇာညောင်း၍
မင်းကောင်းမင်းမြတ် မော်ကွန်းထပ်။

☆ စည်းလုံးမြဲစဉ်၊ အောင်ပွဲပင်တည့်
နွှဲဆင်စစ်ရေး၊ သတ္တိသွေးတို့
စွေးစွေးနီကြောင်း၊ ညီညာပေါင်းရုံ
အဲမောင်းလုံ့ကိုင်၊ စွမ်းရည်ပြိုင်မလား
နိုင်ငံတော်တွက်၊ ရန်ပေါ်ထွက်လာ
ဆော်နှက်ဆုံးမ၊ ချေမှုန်းကြလို့
တတိယမြန်မာ၊ ခေတ်မဟာကြီး
ဖြစ်လာစေကြောင်း၊ "အလောင်းဘုရား"
ကုန်းဘောင်သူ့ဓား၊ ဘုန်းရောင်လွှား....။

☆ လွတ်လပ်ရေးကြိုးပမ်းကြ၊ သမိုင်းမှသည်
လှိုင်းထလှုပ်ရှား၊ လူငယ်များ၏
ဖွဲ့အားမာန်တွေ၊ ဆူလှျံဝေခဲ့
သန္ဓေစတည်၊ စည်းလုံးညီသော
ပြည်သူ့တပ်မတော်၊ သမိုင်းမော်ကွန်း
ရေးဖော်ညွှန်းနိုင်ခဲ့တကား....။

☆ အစဉ်လာကြီးမြတ်၊ ပြည်သူ့တပ်သည်
ရပ်တည်ခေတ်ဆက်၊ ပြည်သူ့ဘက်မှ
ထမ်းရွက်အဓိက၊ ကိုယ့်မိဘနှယ်
ရှိသမျှအား၊ ပြည့်ဝထားလို့
တိုင်းကားပြည်ရွာ၊ စည်ပင်သာအောင်
ညီညာတာဝန်၊ မြဲကျေပွန်မည်
မွန်မြတ်စိတ်မှန်၊ သန္နိဋ္ဌာန်တည်း....။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်-
ပျဉ်းမနားမြင့်လှိုင်

ရသမျိုးစုံကို ပရိသတ်ရင်ထဲရောက်အောင် ပေးစွမ်းမည့် ''ထာဝရ'' ရုပ်မြင်သံကြားဇာတ်လမ်း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၃

အုပ်စုလိုက်ပျံသန်းလာသော စစ်ရဟတ်ယာဉ်များ၊ ကယ်ဆယ်ရေးပစ္စည်းများကို ရဟတ်ယာဉ်ပေါ်မှ ချနေပုံနှင့် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသခံများအား လက်ရောက်ဖြန့်ဖြူးနေပုံ မြင်ကွင်းများကား ပရိသတ်အတွက် ရင်ဆို့စရာမြင်ကွင်းပင်။

ထိုသို့သောဇာတ်ဝင်ခန်းမြင်ကွင်းများ ပါဝင်သည့်''**ထာဝရ**''အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ်မြန်မာ့ရုပ်မြင်သံကြားနှင့်မြဝတီရုပ်မြင်သံကြားတို့မှ မကြာမီ ထုတ်လွှင့်ပြသတော့မည်ဖြစ်သည်။

နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် နေတိုး၊မင်းမော်ကွန်း၊နိုင်းနိုင်း၊ မြင့်မြတ်၊ အိန္ဒြာကျော်ဇင်၊ သဇင်နှင့် မိုးဟေကိုတို့ ပါဝင် သရုပ်ဆောင်ထားကြသည်ဖြစ်ရာ မြိုင်မြိုင်ဆိုင်ဆိုင်လည်းရှိသည်။ တပ်မတော်သားများကနိုင်ငံတော်ကာကွယ်ရေး၊ ရဟတ်ယာဉ်မှူး ဗိုလ်မှူး ထက်ဦးယံအဖြစ် နေတိုး၊ တပ်မတော်(ကြည်း)မှ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးခိုင်ခန့်အဖြစ် မင်းမော်ကွန်း၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်မှူး ဗိုလ်မှူးလှိုင်းအောင်အဖြစ် နိုင်းနိုင်း၊ တပ်မတော် (ကြည်း) ခြေလျင်တပ်ရင်းမှ ဒုတိယတပ်ကြပ်ချစ်ထွေးအဖြစ် မြင့်မြတ်၊ မင်းမော်ကွန်း၏ချစ်သူ ဒေါက်တာခင်ဝင်းလတ်အဖြစ် အိန္ဒြာကျော်ဇင်၊ နိုင်းနိုင်း၏ချစ်သူ မူလတန်း ကျောင်းဆရာမအဖြစ် သဇင်၊ နေတိုး၏ ချစ်သူ ဆောက်လုပ်ရေး လုပ်ငန်းရှင် ညီလဲ့ရည်အဖြစ် မိုးဟေကို၊ မြင့်မြတ်၏ချစ်သူ သူနာပြုဆရာမ အဖြစ်

''ရင်ထဲမှာတကယ် ခံစားပြီး သရုပ်ဆောင်ခဲ့ တာပါ။ ရဟတ်ယာဉ်မှူး အဖြစ်ကတော့ ကျွန်တော့်ဘဝမှာ ပထမဆုံး သရုပ်ဆောင်ရမှုပါပဲ။''

နေတိုး

တပ်မတော်(ကြည်း)မှ ဗိုလ်မှူးခိုင်ခန့်(မင်းမော်ကွန်း)၊ တပ်မတော်(ရေ)မှ ဗိုလ်မှူးလှိုင်းအောင်(နိုင်းနိုင်း)နှင့် တပ်မတော်(လေ)မှ ဗိုလ်မှူး ထက်ဦးယံ(နေတိုး)တို့ သူငယ်ချင်းသုံးဦး ပြန်လည်ဆုံတွေ့မှု ဇာတ်ဝင်ခန်းက ချစ်ခင်ရင်းနှီးစွာ ....။

သဘာဝဘေးဒုက္ခ ကြုံတွေ့ရသည့် ပြည်သူများအား ကူညီရေးတို့တွင် ကိုယ်ကျိုးစွန့်ကာ ပြည်သူတို့နှင့် အတူလက်တွဲပြီးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပုံများကို ကြေကွဲလွမ်းဆွတ်ဖွယ်ရာဖြစ်အောင် ဒါရိုက်တာမီးပွားနှင့် တွဲဖက် ဒါရိုက်တာ ဗိုလ်ကြီးတင်အောင်စိုး(တင်အောင်စိုး-ပန်းမြို့တော်)တို့က ရိုက်ကူး တင်ပြထားသည်။

''**ထာဝရ**'' ရုပ်မြင်သံကြားဇာတ်လမ်းတွင် တပ်မတော်(လေ)မှ မေသက်ခိုင်တို့က ပါဝင်သရုပ်ဆောင်ထားသည်။

တွေ့ဆုံမေးမြန်း

''**ထာဝရ**''ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ နေတိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ 'နိုင်ငံတော်နဲ့ပတ်သက်တဲ့ ရုပ်ရှင်နဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တာ ငါးကြိမ်ရှိပါပြီ။ အဲဒါတွေကတော့ '**သားကောင်းမိခင်**'၊ '**ကြယ်စင်သက်သေ**'၊ '**အမိကောင်းကင် ကြယ်စင်မောင်နှမ**'၊ '**ဧရာဝတီရဲ့ မနက်ဖြန်**'နဲ့ အခု '**ထာဝရ**' ရုပ်မြင်သံကြား ဇာတ်လမ်းတွေပဲ ဖြစ်ပါတယ်။ ဒီ ဇာတ်ကားမှာ ရဟတ်ယာဉ်မှူးအဖြစ် ပါဝင်သရုပ်ဆောင်ရတာ ကျွန်တော့်ဘဝရဲ့ ပထမဆုံး အတွေ့အကြုံ ပါပဲ'' ဟု နေတိုးက ပြောပြသည်။

ခံစားသရုပ်ဆောင်ထား

နေတိုးသည် ရဟတ်ယာဉ်မှူး ဗိုလ်မှူးထက်ဦးယံအဖြစ် ပီပြင်စွာ မျက်နှာ အမူအရာ၊ လှုပ်ရှားမှု၊ ပြောစကားများနှင့် ဇာတ်ဝင်ခန်းအလိုက် ခံစား သရုပ်ဆောင်ထားသည်။

''ဒီဇာတ်ကားမှာတပ်မတော်သား တစ်ဦးအနေနဲ့ ပြည်သူတွေအပေါ် ထားရှိတဲ့ ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ခံယူချက်တွေသွင်းပြီး ကြိုးစား သရုပ်ဆောင်ခဲ့တာပါ။ ကိုယ်ပါဝင်ရတဲ့အခန်းတွေမှာ အလေးထား သရုပ်ဆောင်ခဲ့ပါတယ်''ဟု နေတိုးက ဆက်လက် ဖြေကြားသည်။

တာဝန်အလေးထား

ဤဇာတ်လမ်း၌ ချစ်သူနှင့် လက်ထပ်ရန် ပြောဆိုညှိနှိုင်းထားပြီးကာမှ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လက်ထပ်ရန် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းပြီး ဘေးဒုက္ခကြုံတွေ့ရသော ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့၌ ပါဝင်ဆောင်ရွက်ခဲ့သူ ဗိုလ်မှူးထက်ဦးယံ၏ ဇာတ်ဝင်ခန်းပြောစကားမှာ ''ဘဝဆိုတာလိမ္မော်သီး တစ်လုံးလိုတင်စားပြီးပြောရမယ်ဆိုရင် အချစ်ဆိုတာ အဲဒီလိမ္မော်သီး တစ်လုံးထဲမှာ ပါဝင်ဖွဲ့စည်းထားတဲ့ အစိတ်ကလေး တစ်စိတ်လောက်ပဲရှိတာတဲ့။ ကျန်တဲ့ အစိတ်ကလေးတွေ ကတော့ တာဝန်တွေ၊ လူမှုရေးဆောင်ရွက်မှုတွေ စတဲ့ အရာတွေပေါ့''ဟု ဆိုထားရာ တပ်မတော်သား တစ်ဦး၏ တာဝန် အလေးထားမှုကို ဖော်ပြနေသည်။



နာဂစ်မုန်တိုင်းဒဏ်ခံရသော ဒေသခံများအား ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးရန် ရဟတ်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးနေသော ဗိုလ်မှူး ထက်ဦးယံ(နေတိုး)၏ သရုပ်ဆောင်မှု ဇာတ်ဝင်ခန်း ....။

တပ်မတော်ထဲ ရောက်လာသည့် စစ်သည် မြင့်မြတ်၊ မြင့်မြတ်ကို ရှာဖွေနေသည့် မင်းမော်ကွန်း(ဗိုလ်မှူးခိုင်ခန့်)၏ချစ်သူအိန္ဒြာကျော်ဇင်၊ မင်းမော်ကွန်း စုံစမ်းပေးသဖြင့် မြင့်မြတ်၏ တပ်လိပ်စာသိပြီးဆက်သွယ်၊ မြင့်မြတ်က နာဂစ်မုန်တိုင်းသင့် ဖျာပုံ မေမင်းဆိပ်

တကယ်တမ်း ကျတော့ တပ်မတော်ကြီးထဲမှာ လူပျော့လူညံ့တွေအတွက် နေရာမရှိဘူး။ သတ်မှတ်တဲ့ စံချိန်စံညွှန်းတွေနဲ့ စိတ်ဓာတ်ခံယူချက်တွေ ပြည့်စုံမှ စစ်သားကောင်းဖြစ်တာ။

ဒေသသို့ တာဝန်ဖြင့် ရောက်ရှိ၊ ချစ်ရမည့်သူ တွေ့သော်လည်း စစ်သည် တစ်ဦး လိုက်နာပြုမူရမည့်ကျင့်ဝတ်ကို လိုက်နာခဲ့သည့် မြင့်မြတ်၊ မမျှော်လင့်ဘဲ ကွဲကွာနေသည့် မိသားစုနှင့် ပြန်ဆုံရန်အကြောင်းဖန်၊ သို့သော် မုန်တိုင်းဒဏ်ကြုံတွေ့ရသည့် ပြည်သူများအား ကယ်ဆယ်ဖို့ ကြိုးစားအသက်ပေးခဲ့

ဖြစ်တာ''ဟု ပြောကြားမှုမှာ ပီပြင်လှသည်။

ထို့အပြင် ဗိုလ်မှူး ခိုင်ခန့် (မင်းမော်ကွန်း) ပြောကြားသည့် ''နိုင်ငံတော် ကာကွယ်ရေး တာဝန်ဆိုတာ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် ကျရောက်မယ့် ဘေးအန္တရာယ် အားလုံးကို ကာကွယ်ရမယ်လို့ ပြောတာ''ဟု ဆိုသည်မှာ ထိမိလှသည်။

စောင့်ရှောက်တတ်သူ

တစ်ဖန် မောင်ဖြစ်သူ ဒုတိယတပ်ကြပ် ချစ်ထွေး (မြင့်မြတ်) သေဆုံးသည့်အချိန်၌ အစ်မဖြစ်သူ ဒေါက်တာ ခင်ဝင်းလတ် (အိန္ဒြာ

လေဘေးဒဏ်ခံရသော ဒေသခံများအား တပ်မတော်သားများက ဤသို့ ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးမှု ဇာတ်ဝင်ခန်းတစ်ခန်း။

ဒီဇာတ်ကားမှာ တပ်မတော်သား တစ်ဦးအနေနဲ့ ပြည်သူတွေအပေါ် ထားရှိတဲ့ ကာကွယ် စောင့်ရှောက် ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ခံယူချက် တွေသွင်းပြီး ကြိုးစား သရုပ်ဆောင် ခဲ့တာပါ။

နေတိုး

ဇာတ်လမ်းနှင့်ချိတ်ဆက်

''**ထာဝရ**''ရုပ်မြင်သံကြားဇာတ်လမ်းတွင် အဓိကအပိုင်းနှစ်ပိုင်း ပြသထားသည်။ (ကြည်း၊ ရေ၊ လေ) တပ်မတော်သား သူငယ်ချင်း သုံးဦး၏ ဘဝဇာတ်လမ်းနှင့် စစ်သည်တစ်ဦး၏ ဘဝဇာတ်လမ်းတို့ ဖြစ်သည်။ ထိုဇာတ်လမ်းနှစ်ခုကို အိန္ဒြာကျော်ဇင်နှင့် မောင်ဖြစ်သူ မြင့်မြတ်တို့၏ ဇာတ်လမ်းနှင့် ချိတ်ဆက်ထားသည်။

ငယ်စဉ်ကတည်းက မိသားစုနှင့် ကွဲကွာပြီး ကြီးပြင်းလာသည့် အခါ သည့် စစ်သည်မြင့်မြတ် (ဒုတိယတပ်ကြပ်ချစ်ထွေး)၏ ကြေကွဲဖွယ်ရာ အဖြစ်များကို ရသစုံစွာ ခံစားနိုင်ရန် ရိုက်ကူး တင်ပြထားခြင်းဖြစ်သည်။

စိတ်ဓာတ်ခံယူ

ဤဇာတ်လမ်း၌ ဒုတိယတပ်ကြပ် ချစ်ထွေးပြောသည့် ဇာတ်ဝင်ခန်း စကားမှာ ''တကယ်တမ်း ကျတော့ တပ်မတော်ကြီးထဲမှာ လူပျော့ လူညံ့တွေအတွက်နေရာမရှိဘူး။ သတ်မှတ်တဲ့ စံချိန်စံညွှန်းတွေနဲ့ စိတ်ဓာတ်ခံယူချက်တွေ ပြည့်စုံမှ စစ်သားကောင်း

ကျော်ဇင်)ပြောကြားသည့်''မောင်လေးက သားလိမ္မာလေးတဲ့၊ စစ်သားကောင်းတစ်ဦးတဲ့၊ အများတကာကို စောင့်ရှောက်တတ်သူတဲ့ ဖေဖေ.. အဲဒီလို မောင်လေးကို သမီးတို့ဆုံးရှုံးခဲ့ရပြီ''ဟုပြောဆိုမှုကလည်း ကြေကွဲဖွယ် ကောင်းလှသည်။

ထို့ကြောင့် ''**ထာဝရ**''ရုပ်မြင်သံကြားဇာတ်လမ်းသည် ပရိသတ်တို့အား ခံစားမှုရသမျိုးစုံကိုပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kasit Piromya ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kasit Piromya ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kasit Piromya ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kasit Piromya အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မနက်ဖြန်အတွက် လှုလက်ဆောင်ကဗျာစာအုပ် ဒုတိယအကြိမ်ထုတ်ဝေ

ရန်ကုန် မတ် ၂၃

အမျိုးသားစာပေဆုရ ကဗျာ ဆရာနှောင်၏ **မနက်ဖြန်အတွက် လှုလက်ဆောင်** ကဗျာပေါင်းချုပ်စာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်မှ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)** အဆိုပါစာအုပ်သည် ၁၉၉၃ခုနှစ်အတွက် အမျိုးသားစာပေဆုရစာအုပ်ဖြစ်ပြီး အလှမြင်၍ ဆင်ခြင်ခြင်း၊ ပုလဲသီတကွဲစီ၊ ဆိုဝ်ငြယ်၊ ဟိုဇာလေ ဟေဟေးယျံအစရှိသော ကဗျာစကြီး လေးစုပါဝင်ပြီး ကဗျာပုဒ်ရေ ၁၀၀



ကျော် သီကုံးဖွဲ့ဆိုထားသည်။ ယနေ့မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူ ဂီတစာဆိုဦးမောင်မောင်လတ်(နှောင်)၏ ထူးခြားလှပသော ကဗျာအဖွဲ့အနွဲ့များကို မောင်ညီညီ၏ ပန်းချီသရုပ်ဖော်ပုံများဖြင့် သိမ်မွေ့လှပစွာ စီစဉ်တင်ဆက်ထားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉/၅၃၁ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂နှင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) သစ္စာလမ်းမကြီး အလက(၁) ရန်ကင်းရှေ့ ဖုန်း-၇၂၅၅၃၀ ရန်ကင်းမြို့နယ်တို့နှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၀ရက် နံနက် ၁၁နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့သို့ရောက်ရှိပြီး စက်မှုနယ်မြေလမ်းနှင့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ဖျောက်ဆိပ်ပင်-သံရွာလမ်းအပိုင်း ကတ္တရာလမ်းခင်းထားမှု အခြေအနေများကိုလည်းကောင်း၊ အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ဖျောက်ဆိပ်ပင်-စွန်ရဲအင်းလမ်းပိုင်း အမာခံကျောက်ခင်းထားမှု အခြေအနေများကိုလည်းကောင်း၊ ဖျောက်ဆိပ်ပင်-ရဲရွာလမ်း၌ အမာခံကျောက်ခင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာလမ်း၊ ဖျောက်ဆိပ်ပင်-ရဲရွာလမ်းပိုင်းရှိ ဘော်ဒေါင်ဒေသရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူးကြီးက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယခု ဖောက်လုပ်လျက်ရှိသည့် ဖျောက်ဆိပ်ပင်-ရဲရွာလမ်းသည် ယခင်လမ်းဟောင်းထက် ခရီးမိုင် လျော့နည်းသက်သာကာ ရဲရွာသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည်။

အချိန်တိုအတွင်း သွားလာနိုင်

ဗိုလ်ချုပ်အုန်းမြင့်သည် ညနေပိုင်းတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး နိုင်ငံခြားသားပညာရှင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ တည်ဆောက်ရေးလုပ်ငန်းခွင်များနှင့် စီမံကိန်းဧရိယာကို ကြည့်ရှုစစ်ဆေးသည်။

ရာနှုန်းပြည့်ပြီးစီး

ယခုအခါ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းလုပ်ငန်းနှင့် ရေလွှဲဥမင်လိုဏ်လုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



စာမျက်နှာ ၇ မှ

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်းအား ပထမကျောက်လွှာနှင့် ဒုတိယကျောက်လွှာ ခင်းကျင်းပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအုပ်စုရှိ ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက စိုက်ပျိုးမွေးမြူထားရှိမှုများ၊ ဇီဝဓာတ်ငွေ့ထုတ်ယူသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းရဲတပ်ဖွဲ့မှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး ဇီဝဓာတ်ငွေ့ ထမင်းပေါင်းအိုး၊ ဂက်စ်မီးဖိုတို့ကို ချက်ပြုတ်နေမှု၊ ဇီဝဓာတ်ငွေ့ထုတ်ကန်၊ အထွက်ကောင်း ဩဇာမထစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဝက်မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျေးရွာချင်းဆက်လမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သန်လျင်-သုံးခွ-ခရမ်း လမ်းပိုင်းပြုပြင်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ပြီး (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် သုံးခွမြို့နယ် ရဲနွံကျေးရွာချင်းဆက်ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဂဝံလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် လမ်းကိုဖြတ်သန်း ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ပြီး (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ခရမ်း-ဒေးပေါက်ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကွမ်းမိုးဒိန်းစံပြကျေးရွာသို့ ရောက်ရှိပြီး ကွမ်းမိုးဒိန်း- မစိုးရိမ်တိုက်သစ်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကွမ်းမိုးဒိန်း အခြေခံပညာ အထက်တန်းကျောင်းခွဲ ဝင်းအတွင်း၌ ဆောက်လုပ်လျက်ရှိသော အာရ်စီတစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကျုံမရေကျေးရွာ ရွာလယ်တံတားသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သစ်သားတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခရမ်း-ရေကျော်-အောင်သာဒါန်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ညောင်လန်းကျေးရွာ အနီးရှိ ဦးနီသစ်သားတံတားကိုလည်းကောင်း၊ ရွှေရင်အေးတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ဘိုကလေးကျေးရွာသို့ ရောက်ရှိကြပြီး ပင်လယ်ကမ်းစပ်ရှိ ကမ်းပါးအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီးက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြသည်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကမ်းပတ်တာတည်ဆောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် အောင်သာဒါန်းကျေးရွာအနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ခရမ်းမြို့နယ် ဘိုကလေး-ဆင်ကျွန်းနှင့် သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာအကြား ကမ်းပတ်တာ တည်ဆောက်ပြီးစီးမှုကို စစ်ဆေးကြည့်ရှုရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သုံးခွမြို့နယ် ညောင်လန်းကုန်းကျေးရွာနှင့် သုံးခွမြို့အကြား ဖောက်လုပ်မည့် ကျေးရွာချင်းဆက်လမ်း လမ်းအူကြောင်း ရှာဖွေထားမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က ဘိုကလေး အောင်သာဒါန်းနှင့် ထွန်းစိန်ကျေးရွာများမှ တာဝန်ရှိသူများထံ ထောက်ပံ့ရေးပစ္စည်းများနှင့် စာအုပ်များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မဟာသိန်ချောင်းအနီးရှိ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြ၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူးက ထွန်းစိန်-သာသာမြိုင်၊ ပိုက်စီး-မရမ်းကွင်းပတ်တာ ပြင်ပတွင် သောင်ထွန်းလျက်ရှိသော လယ်မြေသစ်ကို ပင်လယ်ရေငန် မဝင်အောင် တာပတ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမြေစာရင်း ဦးစီးဌာနမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ပိုက်စီးကျေးရွာအနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)မှ ညွှန်ကြားရေးမှူးက တာပတ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က ရန်ကြီးအောင် အသင်းကျေးရွာ၊ ဘိသိပ်ကျေးရွာနှင့် မင်းရွာ အသင်း ကျေးရွာများမှ တာဝန်ရှိသူများထံ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တံတားမြို့ စင်မကော် ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သုံးခွ-ကဒွန-တံတား-ပန်းတောလမ်းနှင့် စင်မကော် ကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်း ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ခြင်းနှင့် ရွာလယ်သောက်သုံးရေကန်ကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က စင်မကော် ကျေးရွာမှ တာဝန်ရှိသူများထံ ထောက်ပံ့ရေးပစ္စည်းများနှင့် စာအုပ်များကို ပေးအပ်ကြသည်။

ပြန်လည်တူးဖော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကျောင်းဝင်းအတွင်း၌ စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု၊ ရွာလယ်သောက်သုံးရေကန်အား ပြန်လည်တူးဖော်ထားမှုနှင့် သုတရိပ်မွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရေအေး-ရေနန်း ကျေးလက်လမ်းဖောက်လုပ်

တမူး မတ် ၂၃

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ရေအေး-ရေနန်း ကျေးလက်မြေသားလမ်းဖောက်လုပ်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးထွန်းကျော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသက်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)

၂၄-၃-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၅ ၉။ International News
- ၈:၅၀ ၁၀။ **မြို့ကြီးသားယဉ်ကျေးမှု** လျှမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ ကြားညှပ်သီးနှံဖရဲ
- ၄:၃၀ ၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၄:၄၀ ၅။ တပ်မတော်နေ့ ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ " DOTS " ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
- ၅:၄၅ ၁၀။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၁၅ ၁၃။ **သစ္စာမော်ကွန်း (ပထမပိုင်း)** သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ပြေတီဦး၊ နန္ဒ၊ သက်မွန်မြင့် (ဒါရိုက်တာ-ညီမင်းလွင်)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ပြည်သူ့အတွက်တပ်မတော် (ကျန်းမာရေး၊သိပ္ပံနှင့်နည်းပညာ)
- ၁၈။ **သစ္စာမော်ကွန်း**(ဇာတ်သိမ်းပိုင်း) သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ပြေတီဦး၊ နန္ဒ၊ သက်မွန်မြင့် (ဒါရိုက်တာ-ညီမင်းလွင်)
- ၁၉။ အစီအစဉ်ပြီး၏။

(၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို လားရှိုး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

လားရှိုး မတ် ၂၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၏ ဦးဆောင်ကြီးကြပ်မှုနှင့် ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသော အထိမ်းအမှတ်အဖြစ် လားရှိုးမြို့ အဝေးပြေးကားဂိတ်၊ လက်ကားကုန်စည်ဒိုင်၊ လုံလော့ဈေး၊ မန်ဆူဈေး၊ မန်ဆူဘုရားကုန်းမြေ ကျောင်းထိုင်ဘုန်ကြီးသင်တန်းကျောင်း၊ ရပ်ကွက်(၈)တို့၌ စုပေါင်းသန့်ရှင်းရေးကို မတ် ၂၂ရက်က ပြုလုပ်ရာ ပြည်နယ်အတွင်းရေးမှူး ဦးခိုင်ထွန်းဦး၊ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီဝင်းမြင့်နှင့် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းတို့က ကြီးကြပ်ပါဝင် အားပေးခဲ့ကြသည်။

ယင်းစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲ၌ စည်ပင်သာယာရေးဝန်ထမ်း ၁၂၀နှင့် အမှိုက်သယ်ကား ၁၀စီး၊ ပို့ဆက်နှင့် မထသတို့မှ ဝန်ထမ်း ၇၅ဦးနှင့် အမှိုက်သယ်ဆန်နီကား၁၅စီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အလုပ်အမှုဆောင် ၁၀၀၊ လက်ကားကုန်စည်ဒိုင်က ၇၅ဦးနှင့်အတူ ပြည်သူ ၁၂၀၀တို့ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

(ကိုယ်ပွား-လားရှိုး)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အသင်းရလဒ်ကောင်းဖို့ပဲ အာရုံစိုက်ရမှာပါ ဘင်နီတက်ဇ်
မန်ယူဟာလက်ကျန်ပွဲတွေအနိုင်ကစားနိုင်တဲ့ခြေစွမ်းရှိတယ် ဂျရတ်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၃၀) လက်ကျန်ပွဲစဉ်အဖြစ် လီဗာပူးနဲ့ဗီလာတို့ မတ် ၂၂ရက်က ယှဉ်ပြိုင်ပြီးတဲ့အခါ လီဗာပူးတို့ ငါးဂိုးပြတ်အနိုင်ရခဲ့ပြီးနောက် ထိပ်ဆုံးက မန်ယူနဲ့လီဗာပူးတို့ တစ်ပွဲလျော့ တစ်မှတ်ပဲ ကွာတော့တဲ့အနေအထား ရောက်ရှိလာ



တာမို့ ပရီမီယာလိဂ်ဟာ ပရိသတ်ရင်ကို ဆွဲကိုင် လှုပ်ရမ်းနေဆဲ ဖြစ်ပါတယ်။

အာရုံစိုက်

ဒီပွဲစဉ်အပြီးမှာ လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကတော့ "မန်ယူအသင်း ရှုံးပွဲကြုံချိန်မှာ ကျွန်တော်တို့ ပြတ်ပြတ်သားသားနဲ့ နိုင်ပွဲရလိုက်တာဟာ ပရီမီယာလိဂ်ဖလားအတွက် နောက်ဆုံးပွဲစဉ်အထိ အကြိတ်အနယ်ကစားရတော့မယ့် အခြေအနေရောက်ရှိသွားပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မန်ယူအသင်းရဲ့ရလဒ်ကို စိတ်ဝင်စားဖို့ထက် ကျွန်တော်တို့ အသင်းရလဒ်ကောင်းဖို့အတွက်ပဲ အာရုံစိုက်ရတော့မှာပါ" လို့ ပြောကြားခဲ့ပါတယ်။

လီဗာပူးအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၀) ကစားပြီးချိန်အထိ ရှုံးပွဲနှစ်ပွဲပဲရှိသေးတဲ့ အသင်းဖြစ်ပါတယ်။ ရာသီကုန်ချိန်နီးလာလေ ချန်ပီယံလိဂ်ရော ပရီမီယာလိဂ်မှာပါ ခြေစွမ်းပြလာနိုင်လေ ဖြစ်လာပါတယ်။

အသင့်အနေအထား

ဒီလိုခြေစွမ်းပြနိုင်မှုနဲ့ ပတ်သက်ပြီး "လီဗာပူးဟာ အခုမှ ပုံမှန်ခြေစွမ်းပြန်ရတယ်လို့ပြောရင် ရပါတယ်၊ လီဗာပူးနဲ့ စာချုပ်သစ် ချုပ်ခဲ့ပြီဆိုတော့ ကျွန်တော့်အနေနဲ့လည်း ခေါင်းရှင်းရှင်းနဲ့ ပွဲတိုင်းမှန်ကန်တဲ့ လူအခင်းအကျင်းနဲ့ နည်းဗျူဟာတွေ သုံးလို့ရတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပွဲတိုင်း ရလဒ်ကောင်းအောင် ကစားဖို့ပဲ လိုအပ်နေပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မန်ယူတို့ အမှားအယွင်းဖြစ်ရင် ကျွန်တော့်အသင်း အသင့်အနေအထားရှိနေဖို့ လိုအပ်လို့ပါပဲ" လို့ ဘင်နီတက်ဇ်က ပြောကြားသွားပါတယ်။

အများကြီးတန်ဖိုးရှိ

လီဗာပူးအသင်းဟာ အန်ဖီးလ်ကွင်းမှာ ဗီလာကို ငါးဂိုးပြတ် အနိုင်ရခဲ့တဲ့ပွဲမှာ အသင်းခေါင်းဆောင် ဂျရတ်က သုံးဂိုးသွင်းယူပြီး ဟက်ထရစ် ရရှိခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ ဂျရတ်ရဲ့ ပထမဆုံး ဟက်ထရစ်ဖြစ်တာမို့ ထူးခြားပေမယ့် ဂျရတ်ကတော့ "ဟက်ထရစ်ရတာက တော့ ဝမ်းသာစရာပါပဲ၊ ပိုပြီးပျော်ရွှင်ရတာက ဒီပွဲမှာ ကျွန်တော်တို့အသင်း



သုံးမှတ်အပြည့် ရယူနိုင်ခဲ့တာပါပဲ၊ ဒီသုံးမှတ်ဟာ အဖိုးတန်သုံးမှတ်မို့ ကျွန်တော့် ဟက်ထရစ်ထက် အများကြီးတန်ဖိုးရှိတယ်လို့ ခံယူထားပါတယ်၊ မန်ယူဟာ လက်ကျန်ပွဲတွေ အားလုံးနိုင်အောင် ကစားနိုင်တဲ့ခြေစွမ်း ရှိတယ်ဆိုတာ ကျွန်တော်တို့မေ့ထားလို့မရပါဘူး၊ ပွဲစဉ်တွေအားလုံး ကြိုးစားကစားသွားရမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်ဟာ ပိုပြီး အကြိတ်အနယ်ရှိလာကာ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာနေပြီ ဖြစ်ပါတယ်။ ။



အင်တာအား ဖိအားပေးနိုင်ရေး ဂျီအိုဗင်ကို စွမ်းဆောင်

လန်ဒန် မတ် ၂၃

ဂျူဗင်းတပ်စ်ကစားသမား ဂျီအိုဗင်ကိုသည် အသင်းတွင်ပုံမှန် ပွဲထွက်ခွင့်ရရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဂျီအိုဗင်ကိုသည် ဒဏ်ရာကြောင့် လွဲချော်ခဲ့ရသည့် အခွင့်အရေးများကို ပြန်လည်ချေဖျက်သည့်အနေဖြင့် ပြီးခဲ့သည့် မတ် ၁၄ရက်တွင် ဂျူဗင်းတပ်စ်က ဘိုလော့ဂ်နာအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားအဖြစ် ဆုချီးမြှင့်ခံရသည်အထိ ခြေစွမ်းပြ ကစားခဲ့သည်။

ဂျီအိုဗင်ကိုသည် ယင်းပွဲစဉ်တွင်ဂိုးများဆက်တိုက်သွင်းယူခြင်းဖြင့် စီးရီးအေတွင် ဒုတိယနေရာ၌ ရပ်တည်နေသည့် ဂျူဗင်းတပ်စ်အသင်းက ဇယားထိပ်၌ ခုနစ်မှတ်အသာဖြင့် ဦးဆောင်နေသည့် အင်တာမီလန်အသင်းကို ဖိအားပေးနိုင်ရန် စွမ်းဆောင်နိုင်ခဲ့သည်။ *(အင်တာနက်)*

ချစ် စိုး နိုင်
စု စည်း တင် ပြ သည်

နယူးကာဆယ်၌ အိုဝင်၏အနာဂတ် မဆုံးဖြတ်ရသေးဟုဆို

လန်ဒန် မတ် ၂၃

နယူးကာဆယ်အသင်းတွင် ခေတ္တမျှ အရန်ခုံတွင် ထိုင်နေခဲ့ရာမှ အသင်းတွင် ပြန်လည်ပါဝင်ကစားသူ တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ၎င်းသည် ဒဏ်ရာမကြာခဏဖြစ်လေ့ ဖြစ်ထရှိသူမဟုတ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

အသက် ၂၉ နှစ်ရှိ အိုဝင်သည် နယူးကာဆယ်သို့ ရောက်ရှိခဲ့သည့် လေးနှစ်တာကာလအတွင်း ပရီမီယာလိဂ် ၅၃ပွဲကစားရာတွင် ၂၆ ဂိုးသွင်းယူခဲ့ပြီး နှစ်ပွဲလျှင် တစ်ဂိုးနှုန်း သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးဖြစ်သည်။ ပြီးခဲ့သည့် မတ် ၁၄ ရက်က ဟူးလ်စီးတီးနှင့် နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် ဒဏ်ရာကြောင့် သီတင်းခြောက်ပတ် အနားယူခဲ့ရသော အိုဝင် ပြန်လည်ပါဝင်ကစားခဲ့သည်။

မဆုံးဖြတ်ရသေး

အိုဝင်သည် ယင်းဒဏ်ရာကို ပြီးခဲ့သည့် ဇန်နဝါရီလကုန်က မန်စီးတီးနှင့် ကစားသောပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ အိုဝင်သည် နယူးကာဆယ်နှင့် လက်ရှိစာချုပ်မှာ ရာသီကုန်အထိသာ ကျန်တော့သည်။ အိုဝင်အနေဖြင့် ၎င်း၏အနာဂတ်၌ နယူးကာဆယ်တွင် ဆက်ကစားရေး၊ မကစားရေးကို မဆုံးဖြတ်ရသေးကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ရီးရဲလ်၏ဖိအားပေးမှုခံရမည်ဟု ဂတ်ဂျွန်ဆင်ပြောကြား

လန်ဒန် မတ် ၂၃

ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်း၏ ထိပ်တန်းတိုက်စစ်ပုံစံသည် အောင်မြင်မှုများရရှိ၍ အကြီးအကျယ် ချီးကျူးခံခဲ့ရကြောင်း၊ ပရိသတ်အား ဆွဲဆောင်နိုင်ပြီး ရသပေးစွမ်းနိုင်သည့် ပွဲစဉ်များကို ကစားပြနိုင်သည့် အသင်းများသည် အောင်မြင်မှုအမြဲတမ်းရမည်ဟု အာမ မခံနိုင်ကြောင်း ဘာစီလိုနာတိုက်စစ်မှူး ဂတ်ဂျွန်ဆင်က ထုတ်ဖော် ပြောကြားလိုက်သည်။

ဖိအားပေး

လာလီဂါထိပ်သီး ဘာစီလိုနာအသင်းသည် ပွဲစဉ်ထက်ဝက်ကျော်မျှကစားပြီးချိန် ပြီးခဲ့သည့် ဖေဖော်ဝါရီလလယ်ပိုင်းကတည်းက ရီးရဲလ်မက်ဒရစ်အသင်းကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့သည်။ ထို့အပြင် ဘာစီလိုနာနည်းပြ ဂွါဒီယိုလာနှင့် အသင်းသည် ချန်ပီယံပြေးလမ်းတစ်လျှောက်တွင် ချန်ပီယံဖြစ်လိုသည့် ရီးရဲလ်မက်ဒရစ်အသင်း၏ ဖိအားပေးမှုကိုခံရမည်ဖြစ်သည်ဟု မျှော်လင့်ထားခဲ့ကြကြောင်း ဂတ်ဂျွန်ဆင်က ဆိုသည်။

(အင်တာနက်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
လမ်းနှင့်တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်း (၂၀၀၉-၂၀၁၀) ဘဏ္ဍာနှစ်
၁-၄-၂၀၀၉ မှ ၃၁-၃-၂၀၁၀ အထိ
လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပဲခူးတိုင်းအတွင်းရှိ လမ်း-တံတားအသုံးပြုကောက်ခံလျက်ရှိသော နိုင်ငံပိုင် အောက်ဖော်ပြပါ လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်စခန်းခြောက်ခု၏ လမ်း-တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လိုင်စင်များကို နိုင်ငံသားများအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

(က) ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည့်ဂိတ်စခန်းများ

(၁) ပေါက်ခေါင်းဂိတ် (ပေါက်ခေါင်းမြို့) (ပြည်ခရိုင်)
(၂) ပန်းတောင်းဂိတ် (ပန်းတောင်းမြို့)၊ (ပန်းတောင်း-တောင်ကုတ်လမ်း) (ပြည်ခရိုင်)
(၃) ပန်းတောင်းဂိတ် (ပန်းတောင်းမြို့)၊ (ပုသိမ်-မုံရွာလမ်း) (ပြည်ခရိုင်)
(၄) စစ်တောင်းတံတား (ရွှေကျင်မြို့) (ပဲခူးခရိုင်)
(၅) နဝဒေးတံတား (ပြည်မြို့) (ပြည်ခရိုင်)
(၆) သူရဲတန်းတံတား (ပန်းတောင်းမြို့) (ပြည်ခရိုင်)

(ခ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်အချိန် - ၃၀-၃-၂၀၀၉ရက်(တနင်္လာနေ့)၊ မွန်းတည့်၁၂နာရီ
(ဂ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးမြို့။

၂။ ဂိတ်တစ်ခုချင်းအလိုက် ချိပ်ပိတ်တင်ဒါ တင်သွင်းခွင့်လျှောက်လွှာ၊ ချိပ်ပိတ်တင်ဒါတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များ၊ အာမခံတင်သွင်းရမည့်ငွေကြေး၊ ငွေပေးသွင်းရမည့်ဘဏ်၊ ငွေပေးသွင်းရမည့်စည်းကမ်းများကို စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၅၀၀၀(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပဲခူးမြို့တွင် ၂၄-၃-၂၀၀၉ရက်မှစ၍ ဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပဲခူးမြို့တွင် ၃၀-၃-၂၀၀၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီ နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသော အချက်များကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပဲခူးမြို့ ဖုန်း-၀၅၂-၂၁၂၆၇နှင့် အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပဲခူးမြို့ ဖုန်း-၀၅၂-၂၁၅၂၃၊ ဖုန်း-၀၅၂-၂၁၂၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ ပဲခူးတိုင်းအတွင်းနေထိုင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုသာ လေလံယှဉ်ပြိုင်ဆွဲယူခွင့်ပြုမည်ဖြစ်ပါသည်။

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
လေလံရောင်းချရေးကော်မတီ။

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ် (၁၈)စီးအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည် အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြိတ် (၂၅-၃-၂၀၀၉)ရက်			
၁။	သစ်ခိုးလှေ	၈၂×၁၃×၇	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၀
၂။	ယိုးဒယားစာတန်းပါ (ငါးခိုးငါးလတ်လှေ)	၅၆×၁၄.၆×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၅၀
၃။	ယိုးဒယားငါးကဲ့လှေ	၆၀×၉.၆×၄	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၇၀
၄။	ငါးဖုံးခွဲလှေ	၃၉.၅×၇.၆×၃.၃	မစ်ဆူဘီရှိ(၄)လုံးထိုးမြင်း-၉၀
၅။	ယိုးဒယားစာတန်း (၉)(၉၀၂၂)(၀၀၅၆၀)	၅၄×၁၃×၆	ဟီးနိုးအီးကေ-၁၀၀(၆)လုံးထိုး၊ မြင်း-၂၈၀
၆။	မြတ်သီရိအောင် (ငါးခိုးလှေ)	၆၃×၁၀.၆×၅	ဟီးနိုးအီးအိပ်ချ်-၇၀၀(၆) လုံးထိုး၊မြင်း-၁၈၀
ကော့သောင်း (၃၀-၃-၂၀၀၉)ရက်			
၁။	ငါးဖုံးခွဲလှေ	၅၀×၈.၃×၆	တရုတ်နီအင်ဂျင်၊ မြင်း-၂၂ (မကောင်း)
၂။	သစ်ခိုးလှေ	၆၂×၁၀. ၆×၄.၆	နီဆန်း(၆)လုံးထိုး၊ မြင်း-၁၈၅
၃။	ငါးဖုံးခွဲလှေ	၄၂×၆.၆×၃.၆	တရုတ်နီအင်ဂျင်၊ မြင်း-၂၅
၄။	သော်တာကျော် (ငါးခိုးလှေ)	၄၇.၈×၉.၁×၄.၁	တရုတ်(ဝမ်းထိုင်)၊ မြင်း-၂၅
၅။	ငါးကဲ့လှေ	၄၁×၆×၅	တရုတ်အင်ဂျင်၊ မြင်း-၂၅
၆။	တိုးတက်အောင်(၁) (မီးသွေးမှောင်ခိုလှေ)	၅၄×၁၃.၅×၈.၅	ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း-ဖတ်မရ
ပုသိမ် (၂၅-၃-၂၀၀၉)			
၁။	သစ်ခိုးလှေ	၇၁.၃×၇.၁၁×၅.၁	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၁၃၅
ကျောက်ဖြူ (၃၀-၃-၂၀၀၉)			
၁။	နွားမှောင်ခိုလှေ	၄၀×၁၀×၂.၆	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၂
၂။	ရွှေစံဥသစ်ခိုးလှေ	၆၅×၁၄×၇	ဂျေအမ်အင်ဂျင်၊ မြင်း-၂၀
၃။	နွားမှောင်ခိုလှေ	၄၀×၉×၄	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
မုံရွာ (၃၀-၃-၂၀၀၉)			
၁။	ငွေဖြိုးထွန်း (သစ်မှောင်ခိုလှေ)	၉၁×၂၁×၅.၆	တရုတ်နီအင်ဂျင်၊ မြင်း-၁၂/၁၃၊ ဂျင်ဒေါင်း၊ မြင်း-၃၀ ဂျင်ဒေါင်း၊ မြင်း-၂၈

၂။ လေလံတင်ရောင်းချခြင်းကို အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	-	ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြိတ်ဒေသ	-	ဖုန်း-၀၅၉-၄၁၈၀၃၊ ၀၃၁-၄၀၀၆၉၊ ၀၃၁-၄၀၀၆၈
ပုသိမ်ဒေသ	-	ဖုန်း-၀၃၁-၂၁၀၆၇၊ ၀၃၁-၂၁၀၆၉
ကျောက်ဖြူဒေသ	-	ဖုန်း-၀၃၂-၃၃၀၂၁၊ ၀၃၂-၃၃၀၂၅
မုံရွာဒေသ	-	ဖုန်း-၀၃၃-၃၂၃၃၇၊ ၀၃၃-၃၂၃၄၃
ကော့သောင်းဒေသ	-	ဖုန်း-၀၅၉-၅၁၆၆၁။

မတ်၂၂ရက်က စွမ်းအင်ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်-နေပြည်တော် လမ်းအပိုင်းရှိ အသစ်တည်ဆောက်ထားသော မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ် ၀၁၉၄ တောင်ငူတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းဖော်ပြပြီး)
(စွမ်းအင်)

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

မောင်ကျော်သူဟိန်း ၁၄/ပသန(နိုင်)၂၃၄၈၅၆နှင့် ကျွန်မ မသဇင်တင် ၁၄/ပသန(နိုင်)၂၀၀၂၀၂တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သောကြောင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တရားရုံး၌ ၁၉-၃-၂၀၀၉ရက်တွင် နှစ်ဦးသဘောတူ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ ထိုနေ့မှစ၍ ကျွန်မ မသဇင်တင်နှင့် မောင်ကျော်သူဟိန်းတို့သည် ပတ်သက်မှုမရှိတော့ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မသဇင်တင် ၁၄/ပသန(နိုင်)၂၀၀၂၀၂။

ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် ရန်ကုန်အလုပ်သမားဆေးရုံကြီး ဝန်ကြီး ဦးအောင်ကြည် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၃

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် မတ်၂၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ပို့ချနိုင်မှုနှင့် လက်တွေ့အသုံးပြုသင်ကြားလျက်ရှိသော သင်တန်းအထောက်အကူပြုစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်သားများ ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက် ကျွမ်းကျင်မှုစံနှုန်းများသတ်မှတ် ပြဋ္ဌာန်းရေးကိစ္စရပ်များကို အသေးစိတ်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာမွေမြို့နယ်ရှိ ရန်ကုန်အလုပ်သမားဆေးရုံကြီးသို့ ဆက်လက်သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသနေသော လူမှုဖူလုံရေး အာမခံအလုပ်သမား အတွင်းလူနာများအား ဆေးဝါးကုသပေးမှု၊ အစားအသောက်ကျွေးမွေးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ပေးသည်။

ကုသပေး

ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် လူမှုဖူလုံရေးအာမခံအလုပ်သမားများအား အထွေထွေရောဂါ၊ ခွဲစိတ်၊ အရိုးနှင့်အကြော၊ သားဖွားနှင့်မီးယပ်၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆရာဝန်များ၊ ဓာတ်မှန်၊ မေ့ဆေးဆိုင်ရာပါရဂူဆရာဝန်ကြီးများဖြင့် အထူးကုသပေးလျက်ရှိကြောင်း၊ နံနက်စာ၊ နေ့လယ်စာ၊ ကော်ဖီ၊ ညနေစာ တစ်နေ့လျှင် လေးကြိမ် အခမဲ့ ကျွေးမွေးလျက်ရှိကြောင်း၊ နှလုံးခွဲစိတ်ရန်၊ ကျောက်ကပ်ဆေးရန်၊ ကင်ဆာ အထူးကုသရန် လိုအပ်သောလူမှုဖူလုံရေးအာမခံလူနာများအတွက် နိုင်ငံပိုင်ဆေးရုံကြီးများသို့ လွှဲပြောင်းပို့ဆောင်၍ ဆေးဖိုးကုန်ကျစရိတ်အားလုံးကို လူမှုဖူလုံရေးအဖွဲ့၏ တာဝန်ယူထောက်ပံ့မှုဖြင့် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၉ ရက် (အင်္ဂါနေ့)

AM&PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ကိုယ့်စိတ်ကိုစစ်** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)
၇:၅၅-၁:၅၅	ဆည်မြောင်းရဲ့အားမာန် ပြိုင်းချောင်း ရေလှောင်တမံ
၈:၀၅-၂:၀၅	Sunday Talk
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	စိမ်းမနေသင့်ပါ Software Engineering Diploma
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၀၀-၄:၀၀	မှန်တိုင်းအလွန် ရတနာများ (မြန်မာ့ပန်းပု အရောင်းပွဲတော်)
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	သီးနှံစိုက်ပျိုးအထွက်တိုး ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင် သစ်ခွ စိုက်ပါ
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၅-၄:၅၅	ကြယ်ပွင့်များနှင့် ငွေဆောင်
၁၁:၁၅-၅:၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၂၅-၅:၂၅	**ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ- စိုးကျော်ဆန်း)
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	ဓာတ်ပုံထဲမှ အမှတ်တရများ (ပြည့်ဖူးခိုင်)
၁၂:၀၅-၆:၀၅	တစ်ကျော့ပြန်တီဘီ (အပိုင်း-၁) (ဒေါက်တာဇေစိုး)
၁၂:၂၅-၆:၂၅	Music Gallery (ဖြူဖြူကျော်သိန်း- ချစ်သူ့အမုန်းကျိန်စာ)
၁၂:၅၀-၆:၅၀	ရတနာရွှေသိုက်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်း၍ မတ် ၂၁ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပရန် စီစဉ်ထားသည့် ဈေးကွက်ဝင် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၉ရက် နံနက်၉နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ စပါးမျိုးကောင်း မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များက စာတမ်းငါးစောင်ကို တင်ပြ၍ဆွေးနွေးကြမည်ဖြစ်ကြောင်း။

ထို့အပြင် တက်ရောက်လာကြသော ပုဂ္ဂိုလ်များကလည်း အုပ်စုခွဲဆွေးနွေးပြီး အုပ်စုအလိုက်စာတမ်းများ ပြန်လည်တင်သွင်းရန်ရှိ၍တက်ရောက်လိုသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဖုန်း-၀၁-၂၁၄၃၄၄မှ ၂၁၄၃၄၉အထိ ဆက်သွယ်ပြီးကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှို့ဝှက်စွာကြံစည် လုပ်ဆောင်ခဲ့ပါသော်လည်း ....

နိုင်ငံတကာ မှခင်း

ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်း နေ့တစ်နေ့သည် အသက် ၁၆နှစ်အရွယ် ဆယ်ကျော်သက် လူငယ်လေးတစ်ဦး၏ ဘဝသစ်ပြန်စသောနေ့ဟု ဆိုရပေမည်။ အကြောင်းမှာ သူ့အပေါ်ဖခင်အရင်းသဖွယ် ကောင်းလွန်းသော မွေးစားဖခင်ကြီး ဂစ်ဂ်လီယော့တီသည် အသက် ၇၉နှစ်အရွယ် ၂၀၀၁ခုနှစ်တွင် သူ့အားထာဝရကျောခိုင်း သွားကတည်းက ရှစ်နှစ်တာကာလအတွင်း ငါးနှစ်ခန့် နှိပ်စက်ညှင်းပန်းမှုကို ခါးသီးစွာ ခံစားခဲ့ရပြီး လွန်ခဲ့သောသုံးနှစ်မှ ယခုလွတ်မြောက်လာချိန်အထိ သုံးနှစ်နီးပါး အိမ်တွင်းရှိ ရေချိုးခန်း၌ ချုပ်နှောင်ခံရကာ ရိုက်နှက်နှိပ်စက်ခံရသည့် အကြိမ်ပေါင်းမှာလည်း မရေမတွက် နိုင်အောင်ပင်။

တက်ရောက်ကုသ

၎င်းဆယ်ကျော်သက် လူငယ်လေးသည် ပိတ်လှောင်ခံရသည့်အခန်းမှ လွတ် မြောက်လျှင်လွတ်မြောက်ချင်း အိမ်နီးနားချင်းတို့၏အကူအညီဖြင့် သက်ဆိုင်ရာအာဏာ ပိုင်များမှတစ်ဆင့် ၎င်း၏ ဒဏ်ရာအတိုင်းအဆကို သိနိုင်ရန် ဆေးရုံသို့တက်ရောက် ကုသခဲ့ရသည်။

ထိုဖြစ်ရပ်ဖြစ်ပွားခဲ့ရာဒေသမှာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စပရီးဟေးလ်မြို့ဖြစ်သည်။ သက်ဆိုင်ရာတို့က ဆယ်ကျော်သက် လူငယ်၏ ဘဝ ဇာတ်ကြောင်း အပြည့်အစုံကို လေ့လာစုံစမ်းဆဲပင် ဖြစ်သည်။ သို့သော်လည်း တိုင်လင်း ဂစ်ဂ်လီယော့တီ**(ယာအပေါ်ပုံ)**သည် ယင်းလူငယ်၏အဒေါ်ဖြစ်သည်ဟု ယုံကြည်ထားပြီး ယင်းလူငယ် ကလေးဘဝကပင် တရုတ်(တိုင်ပေ)မှ အမေရိကန်သို့ ခေါ်ဆောင်လာ သည်ဟုလည်း သိထားသည်။

စီကာပတ်ကုံး

ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေခဲ့ရသော ကလေးသူငယ် ညှဉ်းပန်းနှိပ်စက် မှုတွင် စာရင်းသွင်းခံထားရသည့် လူငယ်လေးအား သက်ဆိုင်ရာတို့က မေးမြန်း စစ်ဆေးရာ ယင်းလူငယ်လေးက ၎င်း၏ ကလေးဘဝ သက်တမ်းတစ်လျှောက် ဖြတ်သန်း ခဲ့ရသည့် ပျော်ရွှင်ကြည်နူးဖွယ်ရာ၊ ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ရာ ဘဝခရီး အတွေ့အကြုံများကို အိတ်သွန်ဖာမှောက် ဖွင့်ဟခဲ့သကဲ့သို့ ဖြစ်ကြောင်းကုန်စင်ကိုလည်း စီကာပတ်ကုံး ရှင်းလင်းပြောကြားခဲ့သည်။

ထိုလူငယ် ပြောကြားချက်အရ သူ၏ မွေးစားဖခင်ကြီးမှာ ဖီလာဒဲလ်ဖီးယားမြို့မှ တီးဝိုင်းတစ်ခုတွင် အရေးပါသော အထင်ကရ ကလယ်ရီနက် တီးမှုတ်သည့် ဂီတ ပညာရှင်တစ်ဦးဖြစ်သော အန်ထော်နီဂစ်ဂ်လီယော့တီဖြစ်ပြီး နှိပ်စက်ညှဉ်းပန်းမှု စတင်မခံရမီ ၂၀၀၁ခုနှစ် အသက် ၇၉နှစ် အရွယ်တွင် သူ့အား ထာဝရ ကျောခိုင်းခွဲခွာ သွားခဲ့သည်ဟု ဆိုသည်။

ရပ်တည်

တူရိယာပညာရှင်ကြီး အန်ထော်နီဂစ်ဂ်လီယော့တီထံတွင် တိုင်လင်းသည် ကယ်ရီနက်တီးမှုတ်သည့်ပညာကို လေ့လာသင်ယူရင်း အန်ထော်နီနှင့် တိုင်လင်းတို့ ချစ်ကျွမ်းဝင်ခဲ့ကြကြောင်း ထိုအချိန်က အန်ထော်နီ၏ ပညာသင်ကျောင်းသားတစ်ဦးဖြစ်ပြီး ယခုအခါ ကျွန်းဆွယ်ဘဲလေးတီးဝိုင်းတွင် ကလယ်ရီနက်တူရိယာပညာရှင်အဖြစ် ရပ်တည်နေသူ ချားလ်ဆလင်ဂါက ထုတ်ဖော်ပြောကြားခဲ့သည်။

အန်ထော်နီဂစ်ဂ်လီယော့တီသည် ထိုအချိန်က ၆၈နှစ်အရွယ်ရှိနေပြီး တိုင်လင်းမှာ ၃၁နှစ်အရွယ်သာရှိသေးကာ သူတို့နှစ်ဦးသည် ၁၉၉၀ပြည့်နှစ်တွင် လက်ထပ်ခဲ့ကြသည်။ ထိုစဉ်က လူငယ်လေးမှာ မွေးဖွားခြင်းမရှိသေးဘဲ ၁၉၉၃ခုနှစ်ကျမှသာ မွေးဖွားခဲ့ခြင်းဖြစ် သည်။ လူငယ်လေး သုံးနှစ်အရွယ် ၁၉၉၆ ခုနှစ်တွင် တိုင်လင်းက တရုတ်(တိုင်ပေ)မှ အမေရိကန်သို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

အရှုံးအမူး

အန်ထော်နီဂစ်ဂ်လီယော့တီသည် တိုင်လင်းဂစ်ဂ်လီယော့တီနှင့် သားသမီး မရရှိ ခဲ့ပေ။ အန်ထော်နီသည် တိုင်လင်း၏တူ လူငယ်လေးအား ၎င်း၏သားအရင်း ကဲ့သို့ သဘောပိုက်ကာ ချစ်ခင်မြတ်နိုးတန်ဖိုးထားသူဖြစ်သည်။ သူတို့ သားအဖ နှစ်ဦးသည် အားလပ်ချိန်များတွင် အပျော်ခရီးအဖြစ် ငါးမျှားထွက်ခြင်း၊ ပုစွန်လုံးနှိုက်ခြင်းတို့ဖြင့် အခါအားလျော်စွာ မကြာခဏ အပန်းဖြေလေ့ရှိကြကြောင်း၊ အန်ထော်နီသည် လူငယ် လေးအား တူရိယာ တီးမှုတ် နည်းပညာ၊ ဂီတပညာများကို သင်ကြားပေးခဲ့ကြောင်း၊ ထို့ အပြင် မိမိ၏ဖခင် အန်ထော် နီသည် ယင်းလူငယ်လေးအား သားသမီးအရင်းအချာ ကဲ့သို့ အရှုံးအမူးချစ်ခင်ခဲ့ကြောင်း အန် ထော်နီ၏ ယခင်အိမ်ထောင် နှင့် ထွန်းကားခဲ့သော သမီးဖြစ်သည့် လိုင်နီဂစ်ဂ်လီယော့တီက ထုတ် ဖော် ပြောကြားခဲ့သည်။

နက်နက်ရှိုင်းရှိုင်း

တိုင်လင်းသည် အရာရာကို ဝန်တိုချုပ်ချယ်လေ့ရှိပြီး ရိုင်းစိုင်းသူတစ်ဦး ဖြစ်ကြောင်း၊ အန်ထော်နီ နာမကျန်းဖြစ်နေချိန်တွင် သူ၏ ပထမ အိမ်ထောင်မှ မိသားစုဝင်များအား ဖုန်းဆက်ခြင်း၊ စကားပြောခြင်းများကို ခွင့်မပြုခဲ့ကြောင်း၊ အန်ထော် နီ၏ ကျန်းမာရေးပိုမိုဆိုးရွားလာသည့်အချိန်တွင်ပင် မိသားစုဝင်များအား လာရောက်ခွင့် မပြုခဲ့ကြောင်း၊ အန်ထော်နီက လူငယ်လေးအား တိုင်လင်းရိုက်နှက်ခဲ့သည့် အကြိမ် အနည်းငယ်မျှကို တားဆီးခဲ့သည်ဟု သူ၏သမီး လိုင်နီဂစ်ဂ်လီယော့တီအား အသိပေး ပြောကြားခဲ့ကြောင်း၊ လိုင်လင်းသူ၏အနား၌ရှိနေချိန်တွင် လူငယ်လေးသည် မွေးစားဖခင် အန်ထော်နီအား ခပ်တည်တည် အိန္ဒြေတစ်ခွဲသားနှင့် ဆက်ဆံလေ့ရှိကြောင်း၊ လိုင်လင်း ကွယ်ရာတွင်မူ လူငယ်လေးသည် အန်ထော်နီအား ဖခင်အရင်းသဖွယ် ချစ်ခင်ကြင်နာစွာ ရင်းရင်းနှီးနှီးလက်ပွန်းတတီး ဆက်ဆံလေ့ရှိပြီး ကလေးငယ်တစ်ဦးကဲ့သို့ ပွင့်ပွင့် လင်းလင်းရှိကြောင်း၊ အန်ထော်နီဂစ်ဂ်လီယော့တီနှင့် လူငယ်လေးတို့နှစ်ဦး၏ ဆက်ဆံ ရေးမှာ သွေးသားမတော်စပ်သော်လည်း သားအဖအရင်းသဖွယ် နက်နက်ရှိုင်းရှိုင်း ချစ်ခင် တွယ်တာကြကြောင်း အန်ထော်နီဂစ်ဂ်လီယော့တီ၏ ယခင်အိမ်ထောင်မှ မိသားစုဝင် များက ပြောကြားခဲ့ကြသည်။

လေးလေးစားစား

အန်ထော်နီ ဂစ်ဂ်လီယော့တီ ကွယ်လွန်ခဲ့သည့်အချိန်နှင့် မရှေးမနှောင်းပင် ၎င်း၏ ဇနီးသည် လိုင်လင်းသည် သူမထက် ငါးနှစ်ခန့်ငယ်သော အန်ဂီလိုနှင့် လက်ထပ် ပေါင်းသင်းခဲ့သည်။ အသက် ၈၀ရှိ ဂျိန်းဂျွန်ဆန်ကမူ ထိုလူငယ်လေးသည် ရည်မွန်ပြီး လိမ္မာရေးခြားရှိကာ အသက်ကြီးသူများအပေါ် လေးလေးစားစားရှိကြောင်း ပြော ကြားခဲ့သည်။

ပေါ်ပေါက်ခဲ့

ပိတ်လှောင်ခံထားရသော လူငယ်လေးသည် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ပြတင်းမှထွက်ရန်ကြိုးပမ်းမှုကို လိုင်လင်းတွေ့ရှိကာ သုံးပေခန့်ရှည်သော သစ်သား ပိုင်းဖြင့် ရိုက်နှက်ခဲ့စဉ် လူငယ်ကဆွဲထားရာ အန်ဂီလိုအားခေါ်ပြီး တုတ်ကိုဆွဲယူ လွှင့်ပစ်စေကာ ရေပိုက်ဖြင့် ဆက်လက်ရိုက်နှက်၍ အင်္ကျီအဝတ်အစား ချွတ်ကာ တစ်ကိုယ်လုံးတိပ်ဖြင့်ကပ်ပြီး မှောင်မည်းနေသော ရေချိုးခန်းတွင် တစ်ရက်ခန့် ပစ်ထားခဲ့ သည်။ လိုင်လင်းတို့နှစ်ဦးအပြင်သွားနေချိန်တွင် လူငယ်က ပြတင်းပေါက်ကိုချိုးဖျက်ကာ ငရဲခန်းမှလွတ်မြောက်ခဲ့သည်။ထိုမှအစပြုကာ ယခုဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

သွေးသားပင်ဖြစ်သော်လည်း ရက်စက်ခဲ့သော အသက် ၅၀ရှိ လိုင်လင်းအား တရားရုံးက ဒေါ်လာ ၁၅၀၀၀ အာမခံပေးပြီး အသက် ၄၅နှစ်ရှိအန်ဂီလိုအား ဒေါ်လာ ၅၀၀၀၀ အာမခံစေခဲ့သည့်။ ပြစ်မှုထင်ရှားပါက ထောင်ဒဏ်ကျရမည် ဖြစ်သည်။ ယခုဖြစ်ရပ်တွင် လူသားအချင်းချင်းညှဉ်းပန်းနှိပ်စက်ကာ ပတ်ဝန်းကျင်မှ မသိရှိစေရန် မည်သို့ပင်လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့ပါသော်လည်း မလွတ်မြောက်နိုင်သော လိုင်လင်း၏ သင်ခန်းစာယူဖွယ်အဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်။

ဘဝအမောပြေ

ကျောင်းနောက်ကျရခြင်း....

ကျောင်းချိန်နောက်ကျပြီး ရောက်လာသော တပည့်အား အတန်းပိုင် ဆရာမက မေးလေသည်။

ဆရာမ။ ။ ဘာဖြစ်လို့ ကျောင်းတက်ချိန် နောက်ကျတာလဲ။
တပည့်။ ။ အိပ်ရာထနောက်ကျလို့ပါ။
ဆရာမ။ ။ ဘာဖြစ်လို့ အိပ်ရာထနောက်ကျရတာလဲ။
တပည့်။ ။ ညကအိပ်မက်ထဲမှာ ဘောလုံးကန်နေလို့ပါ။ ပွဲက အရမ်းကောင်း နေတယ်။
ဆရာမ။ ။ ဒါဆို...ဘာဖြစ်လို့ဒီလောက်ထိအိပ်ရာထ နောက်ကျနေတာလဲ။ ပြစ်ဒဏ်ပေးရမယ်။
တပည့်။ ။ ဒီလိုပါဆရာမ...ညကအိပ်မက်ထဲမှာ ပြိုင်ဘက်အသင်းကလာတာ နောက်ကျတဲ့အတွက် ပွဲစချိန်လည်း နောက်ကျသွားလို့ပါ ဆရာမ။
ဆရာမ။ ။ ‘ဟေ’

အင်တာနက် ကျန်းမာရေး

နေ့စဉ်အရက်နှစ်ပက်ခန့်သာ သောက်သုံးသော်လည်း ပန်ကရိယကင်ဆာ ဖြစ်ပွားနိုင်

အရက်ကို နေ့စဉ် နှစ်ပက်ခန့်သောက် သုံးသူများသည် ပန်ကရိယကင်ဆာ ဖြစ်ပွားစေကြောင်း တရုတ်သုတေသန ပညာရှင်များက သတိပေးလိုက်သည်။



လေ့လာတွေ့ရှိ

အရက်သောက်သုံးခြင်းသည် အသည်းကင်ဆာဖြစ်ပွားရန် ရာနှုန်းများကြောင်း ယခင်က သိရှိခဲ့ရသော်လည်း ယခုအခါ ပန်ကရိယကင်ဆာ ဖြစ်ပွားစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ပျက်စီးစေ

အရက်တွင်ပါဝင်သော အယ်လ်ကိုဟောဓာတ်များက ပန်ကရိယတွင်ရှိသည့် ကလာပ်စည်းများကို ဖျက်ဆီးပစ်ကြောင်း၊ အသည်းကို ထိခိုက်ပျက်စီးစေသကဲ့သို့ ပန်ကရိယကိုလည်း ပျက်စီးစေကြောင်း သိရသည်။

ထိခိုက်

ပန်ကရိယ၏အပေါ်ယံကလာပ်စည်းများ ပျက်စီးသဖြင့် ကင်ဆာဖြစ်ပွား စေရန် အခွင့်အလမ်းများကြောင်း၊ နေ့စဉ် အရက် သို့မဟုတ် အယ်လ်ကိုဟော ပါဝင်သော မည်သည့် အဖျော်ယမကာမဆို ပန်ကရိယအား ထိခိုက်ပျက်စီးစေ ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ဘဝ ဒဿန

- *The best way to keep your friends is to never owe them anything and never lend them anything.*
- *မိတ်ဆွေသူငယ်ချင်းများနှင့် မိတ်မပျက်စေသော အကောင်းဆုံးနည်းလမ်းမှာ ၎င်းတို့ထံမှ ချေးငှားယူခြင်း မပြုသကဲ့သို့ ၎င်းတို့အား ချေးငှားခြင်းကိုလည်း မည်သည့်အခါမျှ မပြုလုပ်ရန်ပင်ဖြစ်သည်။*

နသန်နီယယ်ဟော်သော်နီ(အမေရိကန်လူမျိုးစာရေးဆရာ)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း



နည်းပညာ သိပ္ပံ

အိုမစ်ဂြိုဟ်တု အာကာသအတွင်းပုံမှန်လည်ပတ်နေ

အီရန်နိုင်ငံက ပထမဆုံးလွှတ်တင်လိုက်သည့် ဆက်သွယ်ရေးဂြိုဟ်တုသည် အာကာသအတွင်းလုပ်ငန်းတာဝန်များကို အပြည့်အဝဆောင်ရွက် နေပြီဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

စတင်ပေးပို့

အီရန်က လွှတ်တင်ခဲ့သည့် အိုမစ်အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဓာတ်ပုံ များကို မြေပြင်စခန်းသို့ မတ် ၁၈ရက်မှ စတင်ကာ ပေးပို့နေပြီဖြစ်သည်။

သတင်းဓာတ်ပုံများရယူပေး

အိုမစ်ဂြိုဟ်တုသည် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ နောက်ဆုံးပေါ်နည်းစနစ်များကို ထည့်သွင်းအသုံးပြုထားသည်။ အာကာသအတွင်းရှိ ဂြိုဟ်စီးပတ်လမ်းအတိုင်း ဖြည်းဖြည်းချင်းရွေ့လျားကာ သတင်းဓာတ်ပုံများ ရယူပေးမည်ဖြစ်သည်။

သို့သော် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များအပြင် ကမ္ဘာ့သမုဒ္ဒရာနှင့် မြေပြင်အနေအထားများ၏ ထူးခြားသော ဖြစ်စဉ်များကိုလည်း သတင်းဓာတ်ပုံများ ရယူသွားမည်ဖြစ်သည်။

ပထမဆုံးအကြိမ်

ယခုအိုမစ်ဂြိုဟ်ကို ၎င်းတို့၏ နိုင်ငံအတွင်း ကိုယ်တိုင်ပြုလုပ်ကာ ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခြင်းလည်း ဖြစ်သည်။

(အင်တာနက်)

မဟာအောင်မြေမြို့နယ်အတွင်း စီးဆင်းသော ရွှေတချောင်းမြောင်း အုတ်ရိုးစီ မြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်

မန္တလေး မတ် ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ဌာနမှူးများ၊ ဌာနခွဲမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၁၀နာရီက မဟာအောင်မြေမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ရွှေတချောင်းမြောင်းတစ်လျှောက် ၃၅လမ်းမှ၄၁လမ်းအထိ အုတ်ရိုးစီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ၃၅လမ်းမကြီးတစ်လျှောက် ၇၃လမ်းမှ မန္တလေး-ပြင်ဦးလွင်သွားလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်အတွင်းရှိရွှေတချောင်းမြောင်းတစ်လျှောက် ၃၅လမ်းမှ၄၁လမ်းအထိ ရွှေတချောင်းမြောင်းအား ရေလွှဲမြောင်းတူးဖော်ဆောင်ရွက်၍ မြောင်းပခုံး ဝဲ၊ယာတို့အား အုတ်ရိုးစီမြေထိန်းနံရံ တည်ဆောက်နေမှု၊စက်ယန္တရားအင်အား၊လူအင်အားတို့ဖြင့် မြောင်းအတွင်းမှ မြောင်းစာများ၊ နုန်းမြေများ ဆယ်ယူရှင်းလင်းမှု၊ရွှေတချောင်းမြောင်းကူးတံတားတည်ဆောက်နေမှုလုပ်ငန်းများနှင့် လုပ်ငန်းအပိုင်းလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်ကလုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်ရေးတို့ကိုလမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့အားမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်အတွင်းရှိ ၃၅လမ်းမကြီးတစ်လျှောက်၇၃လမ်းမှမန္တလေး-ပြင်ဦးလွင်သွားလမ်း မြို့ပတ်လမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်း ဆောင်ရွက်ခြင်းလုပ်ငန်းခွင်အတွင်း ခေတ်မီကတ္တရာဖျန်းစက်ယာဉ်ဖြင့် နိုင်လွန်ကတ္တရာလမ်းခင်းနေမှု၊ စက်ယန္တရားကြီးများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းလုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်ရေးနှင့်သတ်မှတ်ကာလအတွင်း လမ်းလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားရေးတို့ကို လမ်းတံတားဌာန ဌာနခွဲမှူးနှင့်တာဝန်ခံအင်ဂျင်နီယာတို့အား မှာကြားသည်။ (၁၁၃)

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၃၀၅၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့သော ရှမ်းစုကျေးရွာ သောက်ရေကန်အဆင့်မြှင့်ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်နု၊ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် ကျေးရွာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်း၌ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေး ဆောင်ရွက်

ညောင်တုန်း မတ် ၁၅

ညောင်တုန်းမြို့နယ်တွင် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသော ငါးလုပ်ငန်းဦးစီးဌာန ညောင်တုန်း ဓာတ်ခွဲခန်း လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင် မတ်၆ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ခဲ့သည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ညောင်တုန်းဓာတ်ခွဲခန်းမှ ဓာတ်ခွဲခန်း ပညာရှင် ဒေါ်ခင်ခင်အေးက ညောင်တုန်း ဓာတ်ခွဲခန်းအနေဖြင့် ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ငါး၊ပုစွန်ကန်များ၏ ရေချဉ်ဖန်နှုန်း၊ ရေအငန်နှုန်း၊ရေစေးရေသွက်နှင့် ရေတွင်ထုံးဓာတ်ပါဝင်မှု၊ ရေတွင်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ပါဝင်မှု၊ ရေတွင် အမိုးနီးယား၊ နိုက်ထရိုဂျင်ပါဝင်မှု၊ ပျော်ဝင်အောက်ဆီဂျင်၊ မြေချဉ်ဖန်နှုန်းတို့ကိုအချိန်တိုအတွင်းတိုင်းတာစစ်ဆေးပေးနေကြောင်း၊ ငါး၊ ပုစွန်များ၏ ရောဂါများကိုလည်း ရှာဖွေဖော်ထုတ် ကုသပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်သွယ်နိုင်

ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့၏ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရေးအတွက် ကန်၏ရေနှင့် မြေများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး လိုအပ်သည့် အကြံဉာဏ်များ ရယူလိုပါက ဓာတ်ခွဲခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၆-၂၀၃၃၅သို့ဖြစ်စေဆက်သွယ်ဆောင်ရွက်နိုင်သည်။ (၁၅၂)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်

နောင်ချို မတ် ၁၅

နောင်ချိုမြို့နယ်စည်ပင်သာယာရေးဖွဲ့၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဘူတာရပ်ကွက် ရေပေးရေးတိုးချဲ့အသစ်လုပ်ငန်းအဖြစ် သုံးလက်မပီဗွီစီပိုက်ဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါလုပ်ငန်းကို အဖွဲ့ရန်ပုံငွေကျပ် ၄၂၈၇၅၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

အလှူရှင်များလှူဒါန်းသော စာအုပ်စာစောင်များ မိုးကောင်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်း

မိုးကောင်း မတ် ၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသည် စေတနာအလှူရှင်များ ပေးပို့လှူဒါန်းသည့် စာအုပ်စာစောင်များကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီလတွင် အလှူရှင်များဖြစ်သည့် မြန်မာတိုင်း(မ်)ဂျာနယ်တိုက် (မန္တလေးရုံးခွဲ)မှ ကာလတန်ဖိုးငွေကျပ် ၁၃၅၀၀၀ရှိသည့် မြန်မာတိုင်း(မ်)ဂျာနယ်၊ ခရိုင်း(မ်)ဂျာနယ်နှင့် Now မဂ္ဂဇင်းစာအုပ်ပေါင်း ၂၀၀ကိုလည်းကောင်း၊ နံနက်ခင်းသတင်းဂျာနယ်၊ ခရိုင်း(မ်)ဂျာနယ်တိုက်(ရန်ကုန်မြို့)မှကာလတန်ဖိုးငွေကျပ် ၁၁၄၀၀ရှိသည့် နံနက်ခင်းသတင်းဂျာနယ် ၃၈အုပ်ကို လည်းကောင်း၊ နဝရတ်တည်းခိုခန်း (ဈေးကုန်းရပ်၊ မိုးကောင်းမြို့)မှ ကာလတန်ဖိုးငွေကျပ် ၄၁၂၅၀ရှိသည့် သုတ၊ ရသစာအုပ်မျိုးစုံ ၂၇၅အုပ်ကို လည်းကောင်း လှူဒါန်းထားရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှတစ်ဆင့် ကျေးရွာစာကြည့်တိုက်များသို့ ဆက်လက်လှူဒါန်းလျက်ရှိသည်။ ထို့ပြင် မြန်မာတိုင်း(မ်)ဂျာနယ်တိုက် (မန္တလေးရုံးခွဲ)မှ မြို့နယ်ရုံး စာကြည့်တိုက်သို့ အပတ်စဉ်ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်၊ ခရိုင်း(မ်)ဂျာနယ်နှင့် Now မဂ္ဂဇင်းတို့ကိုလည်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကမ်းနားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

ပေါင်မြို့နယ် ကဒုံဝီးရပ်ကွက် သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းဆောင်ရွက်နေမှုကို မတ်၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၇၆)

ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ဝမ်းတွင်း မြို့နယ်အပိုင်း မိုင်တိုင်အမှတ် ၇၅/၀မှ မိုင်တိုင်အမှတ် ၈၃/၀ အတွင်းကျောက်ဆည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ကျောက်ချောလမ်းဆောင်ရွက်နေမှုကို မတ် ၅ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ ကျောက်စုဆောင်းမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျုံးလျှန်ဖိုင်းတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် သတ်မှတ်စံ (၅)ရပ်ညီရေး တောင်ငူ၌ဆွေးနွေး

တောင်ငူ မတ် ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်၊ ဦးစီးအရာရှိ ဦးတင်လတ်၊ ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းထွန်းတို့သည် တောင်ငူခရိုင်ရုံးသို့ ဖေဖော်ဝါရီ ၁၆ ရက်က ရောက်ရှိပြီး တောင်ငူခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ပဲခူးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ တောင်ငူခရိုင်လက်အောက်ရှိ မြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးသည်။

ပေါင်းစပ်ညှိနှိုင်း

ရှေးဦးစွာ ရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ကြားချက် (၁၄)ချက်ကို လိုက်နာဆောင်ရွက်ရန်၊ ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ချမှတ်ထားသော လုပ်ငန်းတာဝန် (၁၁)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ကျေးရွာစာကြည့်တိုက်များအား သတ်မှတ်စံ (၅)ရပ်နှင့်အညီ ဖြစ်ပေါ်ရေး ကြိုးပမ်းကြရန် မှာကြားသည်။ **(အပေါ်ပုံ)** ထို့နောက်ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုတင်ပြရာ ရုံးချုပ်မှ လက်ထောက် ညွှန်ကြားရေးမှူးနှင့် တိုင်းဦးစီးမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

လုပ်ငန်းတာဝန်

လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်နှင့်အဖွဲ့သည် သံတောင်ကြီးမြို့နယ်ရုံးသို့ ဖေဖော်ဝါရီ ၁၇ရက်က ရောက်ရှိပြီး သံတောင်ကြီးမြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းတာဝန်များကို ဆွေးနွေးမှာကြားခဲ့သည်။ ဆက်လက်၍ ဖေဖော်ဝါရီ ၁၈ ရက်က အုတ်တွင်းမြို့နယ်ရုံးသို့ ရောက်ရှိကာ မြို့နယ်ရုံးသစ်ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းတာဝန်များ မှာကြားဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

မူဆယ်မြို့နေ ပြည်သူများသန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနေသည့် ရေဂါလန် ၁၀ သိန်းဆံ့ ရေလှောင်ကန်၊ ရေဂါလန် လေးသိန်းခွဲဆံ့ ရေစစ်ကန်နှင့် ပိုးသတ်ဆေးခတ် ပြီးသော ရေစုကန်များမှ ရေပေးဝေနေမှုကို ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ မတ်ဖရက်က ကွင်းဆင်းကြည့်ရှုကြစဉ်။ (၁၂၃)

အမြို့မြို့ အနယ်နယ် သတင်းများ

အကြိမ် (၅၀)ပြည့် သွေးလှူဒါန်း

ခင်ဦး မတ် ၁၅

ခင်ဦးမြို့ မြကန်သာရပ်ကွက်နေ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး အောင်မျိုးမင်း(**အပေါ်ပုံ**)သည် ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ အကြိမ်(၅၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၈၂)

ကျန်းမာရေးနှင့် အညီ ဈေးရောင်းချမှုစစ်ဆေး

နွားထိုးကြီး မတ် ၁၂

ရာသီဥတုအကူးအပြောင်းတွင်ဖြစ်တတ်သောရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ရောဂါများ မဖြစ်ပွားရေးအတွက် ဖေဖော်ဝါရီ ၁၈ရက် နံနက်၈နာရီက မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်း ကွင်းဆင်း၍ ဈေးကြီးအတွင်း ရောင်းချလျက်ရှိသော အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥနှင့် ကြက်သားများကို ပြည်သူများ စိတ်ချယုံကြည်စွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော် ဦးဆောင်၍ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်း၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဦးသိဏ်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ရောင်းချရန် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာကြရန် ပညာပေး ဆောင်ရွက်ကြသည်။ (၀၈၉)

စစ်ဆေး

ရေးမြို့နယ် ရင်းငြိမ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ဖေဖော်ဝါရီ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

အောင်ပန်းဝေစာကြည့်တိုက် အဆောက်အအုံသစ် ဇီးကုန်းမြို့နယ် ဝက်ကော်ကျေးရွာတွင်ဖွင့်

ဇီးကုန်း မတ် ၂၀

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဝက်ကော်ကျေးရွာ အောင်ပန်းဝေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းလက်ထောက် ညွှန်ကြားရေးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး ဟောပြောပြီး စာအုပ်မျိုးစုံ ၅၀ ကိုလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိက စာအုပ်မျိုးစုံ ၅၀ နှင့် ဦးမျိုးမြင့်မိသားစုက စာအုပ်မျိုးစုံ ၅၀ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

မှာကြား

ဆက်လက်၍ တိုင်းလက်ထောက် ညွှန်ကြားရေးမှူးသည် ညနေ၃နာရီတွင် ဇီးကုန်းမြို့နယ်၌ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရေး၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေးမှာကြားသည်။ **(တိုင်း ပြန်/ဆက်)**

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် လမ်းဘေး ရေဆိုးထုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို အဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းလှ၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

မင်းလှ မတ် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ ရတနာပုံဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ရတနာပုံစာကြည့်တိုက်တွင် မတ် ၁၄ရက် နံနက် ၉ နာရီက စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ သာယာဝတီခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းတင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာဖတ်စနစ်ကျင့်သုံးမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး သုတ၊ ရသစာအုပ် ၁၀၀ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

ဘုသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးမြဝါလမ်း ကတ္တရာလမ်းခင်းရန် ဆောင်ရွက်မှုကို မတ် ၆ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် နာမော်ဇွပ်ကျေးရွာ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က အဆိုပါအဆောက်အအုံ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် နာမော်ဇွပ်ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

24-3 (17).pmd 1 3/24/2009, 3:06 AM

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းခဲ့ကြခြင်းကြောင့် တိုးတက်ဖြစ်ထွန်းမှု မြန်ဆန်လာခြင်းဖြစ်

နေပြည်တော် မတ် ၂၃

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မတ်၂၀ရက် နံနက် ၇နာရီခွဲတွင် ပုသိမ်မြို့ရှိ ဧရာဝတီခန်းမဆောင်၌ ဧရာဝတီတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

အရှိန်အဟုန်မပျက်

ထိုသို့ တွေ့ဆုံရာ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ယနေ့တိုင်းပြည်၌ လိုအပ်သော စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေခံများနှင့် အခြား ဖွံ့ဖြိုးတိုးတက်ရေး အခြေခံများကို ပြည့်စုံလုနီးပါး ကြိုးပမ်းတည်ဆောက်ပြီးခဲ့သဖြင့် ဧရာဝတီတိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကြိခင်းဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းစေပြီး နယ်မြေအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ် ဖွံ့ဖြိုးရေးစီမံကိန်း(၃)ခု ချမှတ်ပြီး ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိ

ပညာရေးဖြင့်သာ လူ့အဖွဲ့အစည်းတစ်ရပ် ရေရှည်တိုးတက်အောင် ဖော်ဆောင်နိုင် ပညာတတ်များအရေအတွက်နှင့် အရည်အချင်းပါ တိုးတက်လာအောင်မွေးထုတ်ကြ

နေပြည်တော် မတ် ၂၃

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မတ် ၂၁ရက် နံနက် ၈နာရီတွင် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒုတိယဝန်ကြီး ဦးကျော်စိုး၊

စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)